ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-2-2006) (၄၈၆၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှု အလံတော်တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူအားလုံး၏ တလုံးတစည်း တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ခုတည်းသောအမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့် (ဝံသာနု ရက္ခိတ)တရားပေါ်တွင် တည်ဆောက်ထားသည့် စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်းမရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၀)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

ခြံစည်းရိုးကြက်ဆူပင် ကောင်းသိန်း ရည်မှန်းချက် အောင်မြင်ရေးအတွက် အင်တိုက်အားတိုက် စိုက်ပျိုး သန်လျင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲ ကျင်းပ

ကြက်ဆူပင်စိုက်ပျိုး

ရန်ကုန်တိုင်း အေးချမ်းသာယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ၊ ရန် ကုန် တိုင်း စစ် ဌာ န ချုပ် တိုင်းမှူး ဗိုလ်မှူး ချုပ် လှရွှေ ဝင်း သန်လျင် တပ်နယ် ခြံ စည်းရိုးကြက် ဆူပင် ပျိုးပွဲ တော်တွင် ခြံ စည်းရိုးကြက် ဆူပင်ကို စိုက် ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်　　ဖေဖော်ဝါရီ　　၇

ရန်ကုန်တိုင်း စစ်ဌာနချုပ် သန်လျင်တပ်နယ် ခြံစည်းရိုး ကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

စနစ်တကျဆောင်ရွက်နေ

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက ရန်ကုန်တိုင်းအနေဖြင့် ယခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ကောင်းသိန်း စိုက်ပျိုးပြီးဖြစ်ရန် မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်များ စုဆောင်းခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်း၏ ခြံစည်းရိုးကြက်ဆူပင် ကောင်းသိန်း ရည်မှန်းချက်အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များကလည်း အင်တိုက်အားတိုက် စိုက်ပျိုးကြစေလိုကြောင်း။

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် အပင်မှ ထွက်ရှိသည့်အစေ့ကို ကြိတ်၍ ရရှိသောအဆီကို ဘိုင်အိုဒီဇယ်အဖြစ် တိုက်ရိုက်သုံးစွဲနိုင်ခြင်း၊ ကြိတ်ဖတ်ကို မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ဆေးဖက်ဝင်ပစ္စည်းအဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီ၊ မြေလွှာများ မပျက်စီးစေရန် ထိန်းသိမ်းပေးနိုင်ခြင်းနှင့် ထင်းနှင့် လောင်စာရရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေကြောင်း။

ဖြည့်ဆည်းပေးနိုင်

ထို့ကြောင့် နိုင်ငံတော်၏ စက်သုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ပြီး ပြည်သူများအတွက် ရေရှည် အကျိုးဖြစ်ထွန်းမည့် ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီး တင်ဦးက ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနည်းပညာနှင့် အသုံးဝင်ပုံကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်း ပျိုးထောင်ပေးကြပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၈-၂-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုးရေးကြိုးပမ်း ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာအောင် ပျိုးထောင်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံး ညီညွတ်မှု စွမ်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးတို့အတွက် ဟန်ချက်ညီညီ ပေါင်းစည်း တည်ဆောက်နေသော ကာလဖြစ်သည်။

တိုင်းရင်းသားပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုအင်အား၊ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာမှုအင်အား၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်၏ အင်အားနှင့် အမျိုးသားပညာရည်မြင့်မားမှုအင်အားတို့ကို ခိုင်ခိုင်မာမာတည်ဆောက်ထားနိုင်ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ် တည်တံ့ခိုင်မြဲရေးအတွက် မျိုးဆက်တစ်ဆက်မှတစ်ဆက် လက်ဆင့်ကမ်းတာဝန်ယူ သွားကြမည့် မျိုးဆက်သစ်လူငယ်များအား အသိပညာရှင် အတတ်ပညာရှင်များ၊ ဘက်စုံထူးချွန်သည့် သားကောင်းသမီးမွန် များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။ အခြေခံပညာဆရာ၊ ဆရာမများသည် မျိုးဆက်သစ် လူငယ်၊ လူရွယ်များအား ပြုစုပျိုးထောင်ပေးနေသော စွမ်းအားကောင်းများပင် ဖြစ်သည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၆ရက်နေ့က ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် **ဆရာ၊ ဆရာမများ အနေဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ့်ကျင့်တရားမြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသကစ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထား လေ့ကျင့်ပျိုးထောင်ပေးကြပါ**ဟူ၍ တိုက်တွန်းမှာကြားသွားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ မြစ်ကူးချောင်းကူးတံတားများ၊ ဆည်မြောင်းတာတမံများ၊ လေယာဉ်ကွင်းများ၊ လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းများ အစီအရီဖြစ်ထွန်းနေပြီဖြစ်သည်။ ထို့အပြင် နယ်မြေဒေသတိုင်း၌ စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံကြီးများစသည့် လူမှုရေးတိုးတက်ဖြစ်ထွန်းမှုဆိုင်ရာ အခြေခံအဆောက်အအုံများလည်း အလုံးအရင်းဖြင့် ပေါ်ထွန်းလာနေပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ အင်အားသုံးရပ်၏စွမ်းပကားဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ယင်းသို့ နိုင်ငံတော်တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မရှုဆိတ်နိုင်သည့် အဖျက်သမားများက နိုင်ငံတော် အေးချမ်းသာယာမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် သွေးခွဲသပ်လျှို လုပ်ကြံဖန်တီးလျက်ရှိသည်။

ဆရာ၊ ဆရာမများသည် ပြည်သူများနှင့် နေ့စဉ်ထိတွေ့နေကြသူများဖြစ်ရာ မိမိတို့တာဝန်ကျသည့် ရပ်ရွာဒေသ ကောင်းကျိုး၊ ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်ရင်း အဖျက်သမားများ၏ လုပ်ကြံဖန်တီး သွေးခွဲသပ်လျှိုမှုများ၏ အန္တရာယ်ကို ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး သိမြင်နိုင်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ဖယ်ရှားနိုင်စေရန် စဉ်ဆက်မပြတ် အသိပညာပေးနေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး စွမ်းအားကောင်းများဖြစ်သည့် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမ များအနေဖြင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများ လေးစားမြတ်နိုးရေး ကြိုးပမ်းအားထုတ်ရင်း ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာနေစေရန်အတွက်လည်း လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ဇေယျဝတီဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း၌ ယောဂီများ ရက်ရှည်တရားအားထုတ်နိုင်ရန် တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ့နိဗ္ဗာန်ရွှေဂူတောရရိပ်သာ၏ ပဓာန နာယကအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ B.A)သည် ဖေဖော်ဝါရီ ၁၀ရက်မှ ၁၆ရက်ထိ ကျောင်းသစ်ကျောင်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၁၂၉) မိတ္ထီလာမြို့၊ မတ် ၁၅ရက်မှ ၂၄ရက်အထိ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၆၁) လွိုင်ကော်မြို့ ကယားပြည်နယ်၊ မတ် ၂၆ရက်မှ ဧပြီ ၁ရက်အထိ မိုးဗြဲမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	-	၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆
အချိန်	-	နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	-	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအသုံးပြုရန်အတွက် ကျပ်သိန်း၂၀တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်နီလာထံ ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးဝါးများနှင့် လူနာတင်လက်တွန်းလှည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံကြီး၌ တက်ရောက်ကုသနေသော လူနာများအသုံးပြုရန်အတွက် ပဋိဇီဝဆေးဝါးများ၊ အခြားဆေးဝါး ပစ္စည်းများနှင့် လူနာတင် လက်တွန်းလှည်းနှစ်စီး စုစုပေါင်း ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

ယင်းသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဒေါ်ခင်သန်းဝင်း၊ ဒေါ်တင်တင်မြ၊ ဒေါ်သဇင်နွယ်၊ ဒေါ်ခင်နွယ်နွယ်နှင့် အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာထွန်းရီတို့က အလှူပစ္စည်းများပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဆေးရုံ၏ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ သက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အသံမစဲပဋ္ဌာန်းပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်း ဒိုက်ဦးမြို့ မြို့သစ်(ခ) ရပ်ကွက်ရှိ မြို့သစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇောဘာသ၏ ရွှေရတုဝိဇာတ မွေးနေ့မင်္ဂလာ ကုသိုလ်တော် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ကျပ်သိန်း ၃၀၀ ကျော်တန် သန္တိသုခ ဓမ္မာရုံတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာပွဲကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။ (က-ပ)

အင်္ဂပူမြို့နယ်လုံးဆိုင်ရာ နှမ်းမနဲ့ထိုးပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

အင်္ဂပူမြို့နယ် စံကျောင်းစာသင်တိုက် သုဓမ္မာပရိယတ္တိ ဓမ္မဗိမာန်တော်ကြီးတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗုဒ္ဓဝင်နှင့် ယဉ်ကျေးမှု မင်္ဂလာဆုနှင်းပွဲ၊ မင်းကွန်း တောင်ရိုး (ရေ၊မီး၊ဆွမ်း၊ဆေး) ရေစက်ချတရားပွဲ၊ မြို့နယ်လုံးဆိုင်ရာ နှမ်းမနဲလောင်းလှူပွဲနှင့် နှမ်းမနဲ့ထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စံကျောင်းစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၂၃)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ ခမ်းနားထူးခြားစွာတင်ဆက်မည်

ရန်ကုန်   ဖေဖော်ဝါရီ   ၇

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီက ကြီးမှူး၍ အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် **"ပြည်ထောင်စုတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲ"**ကို ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ည ၇နာရီမှ စတင်ပြီး ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ထူးခြားခမ်းနားစွာ တင်ဆက်မည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲတွင် တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်၊ ယဉ်ကျေးမှု ပဒေသာအက၊ တေးသီချင်းသီဆိုဖျော်ဖြေမှုနှင့် တစ်ခန်းရပ် ဟာသပြဇာတ်အစီအစဉ်တို့ ပါဝင်မည်ဖြစ်သည်။

ဂီတစာဆို ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ အသွင်ထူးရှင်မြူးစေမည့် **"သိကြားမင်း ယောက္ခမ ပျော်သွားပြီး"**တစ်ခန်းရပ် ဟာသပြဇာတ်တွင် အကယ်ဒမီ မင်းမော်ကွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ မိုးဒီ၊ အရိုင်း၊ စိန်ရိုး၊ ကောင်းစံနှင့် ဟာသသရုပ်ဆောင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ဂီတမှူး အကယ်ဒမီ ဂီတလုလင်ဦးကိုကို စီစဉ်သည့် တေးဂီတအစီအစဉ်တွင် ရန်အောင်၊ ရဲအောင်၊ ချိုပြုံး၊ မြင့်မြင့်ခင်၊ နွဲ့ယဉ်ဝင်း၊ ခင်မောင်ထူး၊ ရာဇာဝင်းတင့်၊ ကေဂျာနူး၊ မီမီဝင်းဖေ၊ ထား၊ ခင်ညွန့်ရည်၊ တင်ဦးလေး၊ ကေတုဝင်းထွဋ်၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ တက္ကသိုလ်ကိုကိုဇော်၊ ပန်းအိဖြူ၊ စိမ်းလဲ့လဲ့၊ ခင်မျိုးအေးစသည့် နာမည်ကြီးတေးသံရှင်များ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အနုပညာဦးစီးဌာနက **"စည်းလုံးညီညာအောင်ကြောင်းဖြာ "**အကပဒေသာ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)က **"ပြည်ထောင်စုအလှမြန်မာ့ဂုဏ်ရည်"** တေးသရုပ်ဖော်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးမှ အောင်ကိုဝင်းနှင့် ဝင်းပပတို့၏ နှစ်ပါးသွားအကတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ပွဲကြည့်ပရိသတ်များ သွားလာရေးလွယ်ကူအဆင်ပြေစေရန် မော်တော်ယာဉ်များကို စီစဉ်ထားကြောင်း သိရှိရသည်။ ကြိုတင်လက်မှတ်များကို ဖေဖော်ဝါရီ ၉ရက်မှ စတင်၍ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၊ ပဒုမ္မာဇာတ်ရုံ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗိုလ်ချုပ်ဈေး)နှင့် ယုဇနပလာဇာ(တာမွေ)တို့၌ ရောင်းချမည်ဖြစ်သည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ စုဆောင်းထားရှိသည့် ခြံစည်းရိုးကြက်ဆူမျိုးစေ့လေးသောင်း ပျိုးထောင်ထားသော ပျိုးဥယျာဉ်ကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စုပေါင်းပျိုးထောင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ဆက်လက်ရောက်ရှိ

ရန်ကုန်   ဖေဖော်ဝါရီ   ၇

ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ရောက်ရှိလျက်ရှိကြရာ ယနေ့တွင် ကရင်ပြည်နယ်မှ ၄၈ဦး၊ မွန်ပြည်နယ်မှ ၄၃ဦး၊ မန္တလေးတိုင်းမှ ရှစ်ဦး၊ ကချင်ပြည်နယ်မှ ၅၄ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၆၄ဦးတို့သည် ရထားဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြကာ မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်ကြမည့် ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာကြစဉ်။

(အပေါ်ပုံနှင့် အောက်ပုံ)

(သတင်းစဉ်)

ယာဉ်အခမဲ့ပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နေ ဦးခင်အောင်–ဒေါ်ခင်မြင့်သူ မိသားစုက မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ/၂၉၁၅၊ ၁က/၇၀၈၀၊ ၆က/၇၇၁၅နှင့် ၅က/၃၂၀၉ ယာဉ်လေးစီးဖြင့် ဖေဖော်ဝါရီ၁၂ရက်တွင် အခမဲ့ယာဉ်ဆိုင်းဘုတ် ချိတ်ဆွဲလျက်(၁၂၈)လိုင်း လှိုင်သာယာ–ဝေဘာဂီ၊ (၅၄)လိုင်း ပုဇွန်တောင်–ABC – လှိုင်သာယာ နည်းပညာတက္ကသိုလ်၊ (၁၂၉)လိုင်း လှိုင်သာယာ–မင်္ဂလာဈေးသို့ တစ်နေကုန် အခမဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်းသိရသည်။

(၆၁)

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဝါဏိဇ္ဇအဖွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA မှ ကြီးမှူး၍ (၂၁)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် Myanmar Info-Techတွင် ကျင်းပမည်ဖြစ်ရာ ဦးအောင်မိုးကျော် (Chairman/Managing Director-IBTC & Group of Companies)မှ "People & Brand"-Building of Successful Businessခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည် ဖြစ်ပါသဖြင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသင်းတိုက်တည်နေရာ အမှတ် (၃၇/၄၁) လမ်း (၅၀)(အောက်)၌ စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျိုက်ထိုမြို့အဝင် ဆိုင်းဘုတ်နှင့် မြေခင်းအလှဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သာသနာ့အာဇာနည် ဂုဏ်ပူဇော်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၇

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် သာသနာ့အာဇာနည်ရှင်ပညိန္ဒအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ကျင်းပရာ ရှေးဦးစွာ အပူဇော်ခံ သာသနာ့အာဇာနည်အား ဥပါသကာ၊ ဥပါသိကာမတို့က ပူဇာသနပလ္လင်ပေါ်သို့ ပင့်ဆောင်ကြပြီး ရွာမပရိယတ္တိတိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ခရိုင်သာသနာရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရှင်ပညိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားကာ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(၆၂)

မင်္ဂလာတောင်ညွန့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဒေါ်မြမြ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ထူးခြားသည့် ညအပူချိန်များ (၇–၂–၂၀၀၆)

ဟားခါး

၂ ဒီဂရီစင်တီဂရိတ်

လားရှိုး

၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်းနှင့် မိုးကုတ်

၄ ဒီဂရီစင်တီဂရိတ်

ဗင်နီဇွဲလားသမ္မတအဖြစ် ထပ်မံရွေးချယ်ခြင်းမခံရစေရန် အမေရိကန်က အဖျက်အမှောင့်ပြုလုပ်နိုင်ဟု ချာဗက်ဇ်ပြောကြား

ကာရာကာ့စ်(ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၆

ဗင်နီဇွဲလားသမ္မတအဖြစ် မိမိထပ်မံရွေးချယ်ခြင်းမခံရစေရန် အမေရိကန်နိုင်ငံက အဖျက်အမှောင့်ပြုလုပ်နိုင်ကြောင်းသမ္မတဟူဂိုချာဗက်ဇ်က ၎င်းအားထောက်ခံအားပေးသူများကို တနင်္ဂနွေနေ့တွင် သတိပေးပြောကြားလိုက်သည်။

အမေရိကန် နယ်ချဲ့သမားသည် ဒီဇင်ဘာအတွင်း ကျင်းပမည့် ရွေးကောက်ပွဲအတွက် အဓိကရန်သူတော်ဖြစ်သည်ဟု ချာဗက်ဇ်က ပြောကြားသည်။

ယုံကြည်

ချာဗက်ဇ်ချမှတ်သည့် ဆိုရှယ်လစ်တော်လှန်ရေးသည် တည်ငြိမ်မှုပျက်ပြားစေနိုင်သည့် အန္တရာယ် ဖြစ်သည်ဟု အမေရိကန်အစိုးရက ယုံကြည်ထားသည်။ သို့ရာတွင် ချာဗက်ဇ်ကိုဖြုတ်ချရန် လိုလားသည့် ဝါဒဖြန့်ချိမှုစွပ်စွဲချက်နှင့် ပတ်သက်၍ အမေရိကန်က ငြင်းဆန်ထားသည်။

လှုံ့ဆော်

အမေရိကန်တို့က မိမိအစိုးရပျက်စီးစေရန် လှုံ့ဆော်နေကြောင်း၊ မိမိအစိုးရကနိုင်ငံအတွင်း အုပ်ချုပ်မရဘဲကသောင်းကနင်း ဖြစ်စေရန်ရည်ရွယ်၍ တွန်းအားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ယင်းသည် နယ်ချဲ့လမ်းစဉ်ဖြစ်ကြောင်း၊ ၎င်းတို့သည်တစ်စုံတစ်ရာ အဖျက်အမှောင့် လုပ်ဆောင်ကြမည်ဖြစ်ရာ မိမိတို့အနေဖြင့် နိုးနိုးကြားကြားရှိနေဖို့လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

စွပ်စွဲ

ချာဗက်ဇ်က အမေရိကန်ရေတပ်မှ စစ်သံမှူးဂျွန်ကော်ရီယာကိုနိုင်ငံမှ ပြည်နှင်ဒဏ် ပေးပြီးသည့်နောက် ရက်အနည်းငယ်အကြာတွင် ယင်းသို့စွပ်စွဲပြောကြားခြင်းဖြစ်သည်။

အမေရိကန်သည်ဗင်နီဇွဲလားနိုင်ငံနှင့် သံတမန်ဆက်ဆံမှုဖြတ်တောက်ပါက အမေရိကန်ရှိဗင်နီဇွဲလားပိုင် ရေနံချက်စက်ရုံများကိုပိတ်ပစ်မည်ဟု ချာဗက်ဇ်က ၎င်းအား ထောက်ခံသည့် လူထုအစည်းအဝေးတွင် ပြောကြားသည်။

အမေရိကန်က ကျူးကျော်တိုက်ခိုက်လာနိုင်ခြေရှိသည့်အတွက် ကာကွယ်ရန် ဗင်နီဇွဲလားနိုင်ငံသား တစ်သန်းကို လက်နက်တပ်ဆင်ရန် ကြိုးပမ်းမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်နေသော အမေရိကန် ထောက်ပံ့ရေးယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးနိုင်ငံတွင် စုပြုံတိုးဝှေ့မှုဖြစ်ပွား သုံးဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရ

ဘရာဇီးလီယာ ဖေဖော်ဝါရီ ၆

ဘရာဇီးနိုင်ငံ၏အကြီးဆုံးမြို့ကြီးဖြစ်သော ဆာပေါ်လိုရှိ ဈေးတန်းတစ်နေရာတွင် မက္ကဆီကို ခေတ်ပေါ် တေးဂီတပညာရှင်များက အော်တိုလက်မှတ်ရေးထိုးပေးရန်အတွက် ဂီတဝါသနာအိုးများ စုပြုံတိုးဝှေ့ကြရာမှ လူ သုံးဦးထက်မနည်း သေဆုံးပြီး လူအများအပြား စနေနေ့က ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စုရုံးရောက်ရှိ

မက္ကဆီကိုနိုင်ငံ အာဘီဒီတေးဂီတဝိုင်းမှ ဆယ်ကျော်သက်များက သောကြာနေ့ညတွင် လက်မှတ်ရေးထိုးပေးမည့် အစီအစဉ်ကြောင့် တေးဂီတဝါသနာရှင် ၅၀၀၀ ခန့်သည် ဖိစတာဈေးတန်းအပြင်ဘက်တွင် စုရုံးရောက်ရှိနေကြသည်။ သို့ရာတွင် အစီအစဉ်ပြုလုပ်သူများက လူ ၁၀၀ အတွက်သာ အော်တိုလက်မှတ် ရေးထိုးပေးမည်ဟု ပြောကြားသဖြင့် ဖော်ပြပါအတိုင်း ရုတ်ရုတ်သဲသဲဖြစ်ကာ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာမီဒီယာက ဖော်ပြသည်။

တိုးဝှေ့

အဆိုပါတေးဂီတဝိုင်း ရောက်ရှိလာသည်အထင်ဖြင့် ပရိသတ်များ တရကြမ်းတိုးဝှေ့စဉ် အတားအဆီးများ ပြိုကျသွားခဲ့သည်။

ဆယ်ကျော်သက်

သေဆုံးသူများတွင် အသက် ၄၇ နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် ၁၅ နှစ်၊ ၁၆ နှစ်ရှိ အမျိုး သမီးနှစ်ဦးတို့ ပါဝင်သည်။ ဒဏ်ရာရသူ အများစုမှာ ဆယ်ကျော်သက်များ ဖြစ်ကြောင်း ဆာပေါ်လို ပြည်နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လန်ဒန်တောင်ပိုင်းလေဆိပ်၌လေယာဉ်ပြေးလမ်းချော် လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထားရ

လန်ဒန် ဖေဖော်ဝါရီ ၆

လေယာဉ်ငယ်တစ်စင်း လေယာဉ်ပြေးလမ်းမှ ကျော်လွန်ထွက်သွားပြီးနောက် အင်္ဂလန်တောင်ပိုင်းဒေသရှိ လူတွန်လေဆိပ်၏ ခရီးစဉ်များကို တနင်္ဂနွေနေ့က ဖျက်သိမ်းခဲ့ရကြောင်း လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောကြားသည်။

နွံ့ထဲနစ်မြုပ်

လေယာဉ်ဝန်ထမ်းသုံးဦးနှင့် ခရီးသည်တစ်ဦး လိုက်ပါလာသည့် ဂျက်လေယာဉ်တစ်စင်းသည် လေယာဉ်ပြေးလမ်းမှ ၁၅ ပေခန့် ကျော်လွန်သွားပြီး နွံ့ထဲတွင်နစ်မြုပ်သွားခဲ့သည်။ သို့ရာတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။

ဖျက်သိမ်း

လန်ဒန်မြို့တော်၏ မြောက်ပိုင်းကီလိုမီတာ ၅၀ခန့်တွင် တည်ရှိသော ဖော်ပြပါ လေဆိပ်မှ အသွားအပြန်လေကြောင်း ခရီးစဉ်အားလုံး ဖျက်သိမ်းထားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ လေယာဉ်များကို အင်္ဂလန်တောင်ပိုင်းဒေသရှိ အခြားလေဆိပ်များသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ထိခိုက်နစ်နာ

ယင်းကဲ့သို့ ရပ်ဆိုင်းခဲ့ခြင်းဖြင့် လေကြောင်း ခရီးစဉ် ၅၀ မှ ၆၀ အထိ ထိခိုက်နစ်နာခဲ့သည်ဟု လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပိုလန်နိုင်ငံတွင်အအေးဓာတ်လွန်ကဲ သွေးခဲသေဆုံးသူဦးရေ ၂၃၀အထိရှိ

ဝါဆော ဖေဖော်ဝါရီ ၆

ပိုလန်နိုင်ငံ၏ယခုနှစ်ဆောင်းရာသီတွင် အအေးဓာတ်လွန်ကဲမှုကြောင့် သွေးခဲသေဆုံးသူဦးရေမှာ ၂၃၀အထိရောက်ရှိလာခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင်ပြောကြားသည်။ ပိုလန်နိုင်ငံ၏ ရာသီဥတုသည် အာတိတ်ဒေသ ရာသီဥတုကဲ့သို့ဖြစ်နေသည်။ အသက် ၃၅နှစ် အရွယ်လူတစ်ဦးသည် လော့ဒ်ပြည်နယ်ဘရာဇိုဇိုကာဒေသအနီးတွင် မူးယစ်သောက်စားခဲ့ပြီးနောက် နေအိမ်သို့အပြန်လမ်း၌ အအေးဓာတ်လွန်ကဲမှုကြောင့် သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ သွေးခဲ၍ သေဆုံးသူအများစုမှာ အရက်သေစာမူးယစ်ဆေးသောက်စားသူများ၊ အိမ်ခြေရာခြေ မရှိသူများနှင့် တစ်ကိုယ်ရေတကာယ သက်ကြီးရွယ်အိုများနှင့် အပူဓာတ်မသုံးနိုင်သူ ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြသည်။

လွန်ခဲ့သည့်ဆောင်းရာသီကသေဆုံးသူဦးရေသည် ၁၉၀ထက်မကျော်ခဲ့ပေ။ပိုလန်နိုင်ငံ၏ယခုနှစ်ဆောင်းရာသီအပူချိန်မှာ ခါတိုင်းနှစ်များနှင့်မတူဖာရင်ဟိုက် သုညဒီဂရီအောက်အထိလွန်ခဲ့သည့်လကုန်ပိုင်းက ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ အနောက်ပိုင်းမာမွတ်ဒီယာအရပ်တွင် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုင်အေအီးအေ၏ ဆုံးဖြတ်ချက်ကို ဂရုမစိုက်ဟု အီရန်သမ္မတ ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၆

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြရန် ဆုံးဖြတ်ခဲ့သည်။ အီရန်သမ္မတ မာမွတ်အာမက်ဒီနဲရတ်က အိုင်အေအီးအေ၏ ဆုံးဖြတ်ချက်ကို ဂရုမစိုက်ဟု ပြောကြားကြောင်း အိုင်အာအင်အေ သတင်းဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရန်ပြဿနာကို လုံခြုံရေးကောင်စီသို့ တင်ပြရန် ထောက်ခံကြသည့် နိုင်ငံများအနေဖြင့် ကြိုက်သလို တင်ပြ၊ ကြိုက်သလို ဆုံးဖြတ်ချက်များ ချနိုင်ကြောင်း၊သို့ရာတွင် ယင်းနိုင်ငံများအနေဖြင့် အီရန်နိုင်ငံ၏ တိုးတက်မှုကို ဟန့်တားနိုင်ခြင်းမရှိကြောင်း သမ္မတက ပြောကြားသည်။

ယင်းနိုင်ငံများသည် အီရန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားကို သိရှိနိုင်ရန်အတွက် အိုင်အေအီးအေ အမည်ဖြင့် အကာအကွယ်ယူကာ အီရန်ရှိ စစ်ဘက်ဆိုင်ရာနေရာများကို စစ်ဆေးခဲ့သည်ဟု အီရန်သမ္မတက စွပ်စွဲပြောကြားသည်။

အီရန်နျူကလီးယား ပြဿနာကို လုံခြုံရေးကောင်စီသို့ တင်ပြရန် ဥရောပသမဂ္ဂက ရေးသားထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို အိုင်အေအီးအေအုပ်ချုပ်ရေးမှူးများအဖွဲ့က စနေနေ့တွင် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အီရန်၏ ရန်သူနိုင်ငံများက နျူကလီးယားနည်းပညာ တိုးတက်မှုရရှိစေရန် ဖော်ဆောင်ရာတွင် ဟန့်တားနှောင့်ယှက်နိုင်မည်မဟုတ်ဟု သမ္မတက ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံတွင် ရှောင်တခင် လာရောက် စစ်ဆေးမှုနှင့် ယူရေနီယံသန့်စင်မှု လုပ်ငန်းရပ်ဆိုင်းထားမှုအပါအဝင် အီရန်က အိုင်အေအီးအေနှင့် လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုကို အဆုံးသတ်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာလီက သတင်းစာရှင်းလင်းပွဲတွင် တနင်္ဂနွေနေ့က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဝမ်းလျှောရောဂါကာကွယ်ဆေး အက်ဖ်ဒီအေ ခွင့်ပြု

ဝါရှင်တန် ဖေဖော်ဝါရီ ၆

ကလေးငယ်များတွင် ပြင်းထန်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားစေသော ဗိုင်းရပ်အန္တရာယ်မှ ကာကွယ်ပေးသည့်ကာကွယ်ဆေးကို အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (အက်ဖ်ဒီအေ)က ခွင့်ပြုလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ကာကွယ်ဆေးသစ်မှာ ရိုတာတက်ဖြစ်ပြီး ကလေးများအား တိုက်ကျွေးရသည့် ဆေးရည်ဖြစ်သည်။ အသက်ငါးနှစ်အောက် ကလေးအားလုံးနီးပါးကို ရောဂါဖြစ်ပွားစေသည့် ရိုတာဗိုင်းရပ်ခေါ် ရောဂါပိုး ကူးစက်မှုမှ ကာကွယ်ရန် ရည်ရွယ်သည်။

ရိုတာဗိုင်းရပ်ကြောင့် နှစ်စဉ်ကလေးပေါင်း ငါးသိန်းနီးပါး သေဆုံးကြရသည်။ ကလေးအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး ပြင်းထန်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားကာ သေဆုံးကြရသည်။***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ရေနံလုပ်ငန်းခွင် တစ်နေရာကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှစ်နိုင်ငံဆက်သွယ်သည့် နယ်စပ်တံတားတည်ဆောက်ရေးကိစ္စ ဆက်လက်ဆွေးနွေးရန် စင်ကာပူနှင့် မလေးရှား သဘောတူညီ

စင်ကာပူ ဖေဖော်ဝါရီ ၆

စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံဆက်သွယ်သည့်တံတားတစ်စင်း တည်ဆောက်ရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် ဖေဖော်ဝါရီ ၄ ရက်တွင် သဘောတူညီခဲ့ကြသည်။ အဆိုပါတံတား တည်ဆောက်ခြင်းဖြင့် နှစ်နိုင်ငံဆက်သွယ်ထားသော တံတားဟောင်းကို အစားထိုးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း ချန်နယ်နယူးစ်အေးရှား ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဖေဖော်ဝါရီလ ၄ ရက်နေ့နှောင်းပိုင်းက စင်ကာပူနိုင်ငံ၌ အလွတ်သဘော ဆွေးနွေးမှုပြုလုပ်ပြီးနောက် သဘောတူညီမှုရခဲ့ခြင်း ဖြစ်သည်ဟု ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

တံတားတည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ် မချမှတ်မီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်များ မကြာမီ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

စေ့စပ်ညှိနှိုင်း

တံတားတည်ဆောက်မှုအတွက် ငွေကြေးအမြောက်အမြား ကုန်ကျမည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိမည်ဆိုပါက တံတားတည်ဆောက်မှုကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ရိုက ပြောကြားသည်။ ထိုအကြောင်းအချက်ကို မူတည်၍ နှစ်နိုင်ငံ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုကို စင်ကာပူနိုင်ငံအနေဖြင့်လေးစားကြောင်း၊ တံတားတည်ဆောက်ရေး ကိစ္စနှင့်ပတ်သက်၍ တရားဥပဒေနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်များအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆွေးနွေး

တံတားတည်ဆောက်ရန် စေ့စပ်ညှိနှိုင်းပြုလုပ်ခြင်းမှ နှစ်နိုင်ငံစလုံးတွင် အကျိုးရလဒ်များဖြစ်လာမည် ဖြစ်သည်ဟု မိမိယူဆကြောင်း စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသော မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆက်ဒ်ဟာမစ်ဒ်အလ်ဟာက ပြောကြားသည်။

တံတားတည်ဆောက်ရေး လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရပ်များအားလုံးကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆေးဝါးကုန်သွယ်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် ဖိလစ်ပိုင်နှင့်အိန္ဒိယ သဘောတူညီချက်လက်မှတ်ရေးထိုး

မနီလာ ဖေဖော်ဝါရီ ၆

ဖိလစ်ပိုင်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဖေဖော်ဝါရီ ၄ ရက်တွင် သဘောတူညီခဲ့ကြသည်။ ထိုသို့ သဘောတူဆောင်ရွက်ခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ဆင်းရဲသောပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဆေးဝါးများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

အဆိုပါဆေးဝါးကုန်သွယ်မှုလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေး သဘောတူညီချက်ကို နှစ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ကော်ပိုရေးရှင်းအဖွဲ့အစည်းများက သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ထိုလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဖိလစ်ပိုင်သမ္မတအာရိုယိုနှင့် အိန္ဒိယသမ္မတအဗ္ဗဒူလ်ခါလမ်တို့ တက်ရောက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံမှ ဆေးဝါးပေါင်းစုံကို ဖိလစ်ပိုင်နိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်ကာလကတည်းက တင်ပို့ရောင်းချခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆေးဝါးများကို ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်ပိုရေးရှင်းကပင် ၂၀၀၀ ပြည့်နှစ်မှစ၍ မျက်မှောက်ကာလအထိ တရားဝင်တင်သွင်းခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆေးဝါးများကို ဖိလစ်ပိုင်နိုင်ငံက နှစ်စဉ်ပိုမိုတင်သွင်းမှာယူခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာတစ်သန်းဖိုးနီးပါး ဆေးဝါးများ တင်သွင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗန်ကောက်လေဆိပ်၌ လေယာဉ်ပြေးလမ်းချော်

ဗန်ကောက် ဖေဖော်ဝါရီ ၆

ထိုင်းခရီးသည်တင် လေယာဉ်တစ်စင်းသည် ဗန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖေဖော်ဝါရီ ၅ ရက်က အရေးပေါ်ဆင်းသက်စဉ် ပြေးလမ်းချော်သွားသည့်အဖြစ်နှင့် ကြုံခဲ့ရကြောင်း ထိုင်းသတင်း အေဂျင်စီက ဖော်ပြခဲ့သည်။

နောက်ဂ် လေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇-၄၀၀ ခရီးသည်တင် လေယာဉ်သည် ဗန်ကောက်မှ နိုင်ငံတောင်ပိုင်းရှိ အပန်းဖြေပင်လယ်ကမ်းခြေစခန်းမြို့ ဖူးခက်သို့ ပျံသန်းသည့် ခရီးစဉ်အတွင်း ယခုကဲ့သို့သော မတော်တဆမှုနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။ လေယာဉ်မှာ ဗန်ကောက်လေဆိပ်မှ ပျံတက်ပြီး မကြာမီမှာပင် စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါ၌ လက်မှုပညာပစ္စည်း ကုန်စည်ပြပွဲကျင်းပမည်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၆

နီပေါလက်မှုပညာပစ္စည်း ကုန်စည်ပြပွဲကို ခတ္တမန္ဒူမြို့၌ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲ၏ ဦးတည်ချက်မှာ လက်မှုပညာပစ္စည်းလုပ်ငန်းကို အားပေးရန်နှင့် လက်မှုပညာပစ္စည်းများအတွက် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များ မြှင့်တင်ပေးရန်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နီပေါနိုင်ငံက တင်ပို့သော ပို့ကုန်များ အနက် ၅၀ ရာခိုင်နှုန်းကျော်မှာ လက်မှုပညာပစ္စည်းများဖြစ်ကြောင်း၊ လက်မှုပညာ ပစ္စည်းလုပ်ငန်းများက နိုင်ငံအတွင်း၌ အလုပ်အကိုင်နေရာ အများအပြားကိုဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ကုန်စည်ပြပွဲ ကျင်းပရေးအဖွဲ့ဖြစ်သည့် နီပေါလက်မှုပညာ ပစ္စည်းလုပ်ငန်းများ အသင်းက စနေနေ့တွင် ကြေညာသည်။

တင်ပို့

ကမ္ဘာ့တစ်ဝန်း နိုင်ငံပေါင်း ၇၀ နီးပါးသို့ လက်မှုပညာပစ္စည်း အမျိုးပေါင်း ၄၀ ကျော်ကို တင်ပို့လျက်ရှိကြောင်း အဆိုပါအသင်းက ဖော်ပြသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇ သန်း တန်ဖိုးရှိ လက်မှုပညာပစ္စည်းများကို တင်ပို့ခဲ့သည်။

နီပေါနိုင်ငံက တင်ပို့သော အဓိက လက်မှုပညာပစ္စည်းများတွင် ခြုံပဝါ၊ သိုးမွေးထည် အဝတ်အစားများ၊ ငွေထည်လက်ဝတ်ရတနာများ၊ လက်ဖြင့်ပြုလုပ်သော စက္ကူများ၊ သစ်သားပန်းပုရုပ်များ၊ ပန်းချီကားများနှင့် သားရေထည်ပစ္စည်းများ ပါဝင်သည်။ ယင်းပစ္စည်းများကို အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ အီတလီ၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ အိန္ဒိယ၊ နယ်သာလန်၊ စပိန်နှင့် ဩစတြေးလျနိုင်ငံတို့သို့ အများအပြားတင်ပို့သည်။

ကုန်စည်ပြပွဲတွင် လက်မှုပညာပစ္စည်း ဆိုင်ခန်းပေါင်း ၁၂၀ နီးပါးကို ခင်းကျင်းပြသထားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ ဘတ်စ်ကားပေါ် ဗုံးပေါက်ကွဲ လူ ၁၂ ဦးသေဆုံး၊ ၁၃ ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၆

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ပြင်းထန်သည့်ဗုံးတစ်လုံး လူစီးဘတ်စ်ကားပေါ်၌ တနင်္ဂနွေနေ့က ပေါက်ကွဲသဖြင့် လူ ၁၂ ဦးထက်မနည်းသေဆုံးပြီး ၁၃ ဦး ထိခိုက်ဒဏ်ရာ ရရှိကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

ခရီးသည်တင် ဘတ်စ်ကားပေါ် ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၂ ဦးသေဆုံးပြီး အခြားလူ ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး ရာပါအိုက ဂျီအိုရုပ်မြင်သံကြား သတင်းဌာနသို့ ပြောကြားသည်။

လူ ၂၀ ထိခိုက်ဒဏ်ရာ ရရှိပြီး လူငါးဦး၏ အခြေအနေမှာ စိုးရိမ်ရသည်ဟု အခြားသတင်းများ အရသိရှိရသည်။

ခရီးသည် ၅၀ တင်ဆောင်လာသည့် အဆိုပါ ဘတ်စ်ကားသည် ပြည်နယ်မြို့တော်ကွက်တာမှ အရှေ့နယ်စပ်ရှိ လာဟိုးမြို့သို့ မောင်းနှင်လာစဉ်ယာဉ်၏ နောက်ဘက်မှ ဗုံးပေါက်ကွဲခြင်းဖြစ်သည်။

ချိန်ကိုက်ဗုံး ပေါက်ကွဲခြင်းဖြစ်သည်ဟု ဘလူချီစတန်ရဲချုပ် ယာကွတ်က ပြောကြားသည်။ ဒဏ်ရာရသူများကို ကက်တာဆေးရုံသို့ တင်ထားရကြောင်း၊ မည်သူ၏လက်ချက်ဟု ကြေညာမှု မရှိသေးကြောင်း ယာကွတ်က ပြောကြားသည်။ အခင်းဖြစ်ပွားရာ ဒေသတွင် အသေးစိတ်စုံစမ်းစစ် ဆေးမှုများစတင်ပြုလုပ်နေသည်ဟု ပြည်ထဲရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာနိုင်ငံတွင် ဆင်စီး၍ ကစားရသော ဂေါ့လီရိုက်ပွဲကျင်းပနေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*





တန်ဇန်းနီးယား၌ရေကြီး ပြည်သူ ၉၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၆

တန်ဇန်းနီးယားနိုင်ငံ အနောက်ပိုင်း၌ ၁၄ နာရီကြာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ပြီး ပြည်သူ ၉၃၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ကြေညာသည်။

မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် လူတစ်ဦး အိမ်နံရံများ ပြိုကျခဲ့သည့်အတွက် အသက်ဆုံးရှုံးခဲ့ကြောင်း ဒါရက်ဆလမ်မြို့သို့ ဖေဖော်ဝါရီ ၄ ရက်တွင် ရောက်ရှိလာသော သတင်းများက ဖော်ပြသည်။

တန်ဇန်းနီးယားနိုင်ငံ အနောက်ဖျားပိုင်း ဝကဘိုရာဒေသ အိုင်ဂါဂါခရိုင်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အိမ်ခြေ ၂၃၄ လုံး ပြိုကျခဲ့သည်။

ရေကြီးမှုများဖြစ်ပေါ်မှုကြောင့် ရွာသုံးရွာ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ရသည်။ လိုကိုမီအိုရွာ တစ်ရွာတည်းမှာပင် ပြည်သူ ၂၂၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ အဆိုပါ သဘာဝဘေးအန္တရာယ် ဒဏ်ခံရသူများကို ယာယီစခန်းတစ်ခုသို့ ရွှေ့ပြောင်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်၌ ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၆

ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းပေါ်ရှိ ရေနံချက်စက်ရုံ တစ်ရုံတွင် ဖေဖော်ဝါရီ ၅ ရက်က မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လတ်တလောအခြေအနေတွင် အဆိုပါ မီးလောင်မှုကြောင့် အထိအခိုက်ရှိသည်ဟု သတင်းတစ်စုံတစ်ရာမရရှိသေးပေ။ မီးလောင်မှု ဖြစ်ပွားသော ရေနံချက်စက်ရုံမှာ ဟိုကိုင်းဒိုးကျွန်းမူရိုရန်အရပ်ရှိ နီပွန်ရေနံကော်ပိုရေးရှင်းပိုင် ရေနံစက်ရုံဖြစ်သည်။ မီးလောင်မှုကြောင့် ထွက်ပေါ်လာသော မီးခိုးလုံးကြီးများသည် ရေနံချက်စက်ရုံ၏ အထက် မီတာ ၂၀၀ ကျော်အမြင့်အထိ ထိုးတက်လာသည်ကို မြင်တွေ့ရကြောင်း မီးသတ်သမားများက ပြောကြားကြသည်။

ရေနံချက်စက်ရုံ၏ ရေနံတွန်းစက်ပန့်များ ထားရှိသော အခန်းမှ မီးစတင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း နီပွန်ရေနံကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြက်ဆူပင် ပျိုးထောင်ခြင်းအခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၇

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက်တွင် မန္တလေး သမဝါယမကောလိပ်သို့ရောက်ရှိလာရာ ကောလိပ်ကျောင်းအုပ်ကြီးက ကောလိပ်ကျောင်းဝင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင် အပင် ၆၀၀၀ စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မိုးရာသီတွင် ကျောင်းဝင်းအတွင်း ခြံစည်းရိုးများနှင့် မြေနေရာလွတ်များတွင် ရှင်သန်အောင် စနစ်တကျစိုက်ပျိုးရန် မှာကြားသည်။

မှာကြား

ထို့နောက် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကောလိပ်ကျောင်း၏ ပညာသင်ကြားမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမများအား သင်ကြားမှု စွမ်းရည်မြင့်မားရေးအတွက် ခေတ်နှင့်အညီ အစဉ်တိုးတက် လေ့လာရန်နှင့် ကျောင်းသားကျောင်းသူများကို စိတ်ကောင်းရှိ၍ စာကြိုးစားရန်၊ ပြင်ပဗဟုသုတ စာပေများ ဖတ်ရှုသည့်အကျင့်ရအောင် ပြုစုပျိုးထောင်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်တတ်သည့် စိတ်ဓာတ်ထက်မြက် ရင့်ကျက်အောင် ပြုစုလေ့ကျင့်ပေးရန်တို့ကို မှာကြားသည်။

တက်ရောက်

ယင်းနောက်ညနေပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးတိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်၏ သမဝါယမ စိုက်ပျိုးရေး ခြံဝင်းအတွင်း ကျင်းပသည့် ကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများ ပျိုးထောင်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူက မန္တလေးတိုင်းအတွင်း ဝန်ကြီးဌာန၏ အစီအမံအရ သမဝါယမအသင်းများမှ တစ်နှစ်လျှင် ကြက်ဆူပင် ဧက ၁၂၀၀၀ စိုက်ပျိုးရန် စီစဉ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးတိုင်း သမဝါယမမိသားစုများနှင့်အတူ ပျိုးအိတ်အတွင်းသို့ ကြက်ဆူပင်မျိုးစေ့များကိုစိုက်ပျိုးထည့်သွင်းပေးကြသည်။ ဆက်လက်ပြီး စိန်ပန်း စက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်သည့် ကြက်ဆူဆီကြိတ်စက်၊ စိန်ပန်းစူပါဝမ်း၊ စူပါတူး၊ စူပါသရီးတို့ဖြင့် ကြက်ဆူဆီထုတ်လုပ်ကြိတ်ခွဲပြသမှု၊ ကြက်ဆူဆီဖြင့် စူပါမန္တလာဂျစ်ကား မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၄ ရက်တွင် ပြင်ဦးလွင်ရှိ သမဝါယမအသင်း နို့ဆီချက် စက်ရုံသို့ ရောက်ရှိသည်။ စက်ရုံတွင် တာဝန်ခံက နို့ဆီချက်စက်ရုံလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ထုတ်လုပ်မှုပမာဏကို တစ်ရက်လျှင် နွားနို့ ပိဿာချိန် ၂၀၀၀ အထိ နို့ဆီချက်နိုင်ရေး တိုးမြှင့်နိုင်ရန်နှင့် အရည်အသွေးကို စံချိန်စံညွှန်းပြည့်မီအောင် အမြဲတမ်း ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး စက်ရုံအတွင်း နေရာလွတ်များ၌ ကြက်ဆူပင် စိုက်ပျိုးမှုကို မိုးရာသီတွင် ထပ်မံတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။ သမဝါယမအသင်း နို့ဆီချက်စက်ရုံသည် အသေးစား စက်ရုံတစ်ခုဖြစ်ပြီး လက်ရှိတွင် တစ်ရက်လျှင် နွားနို့ပိဿာချိန် ၅၀၀ မှ နို့ဆီဗူး ၆၀၀ ကို ကျောက်တိုင် အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လျက်ရှိပြီး စတော်ဘယ်ရီ၊ လိမ္မော်၊ နာနတ်ယိုများကိုလည်း တစ်နှစ်လျှင် ကီလိုဂရမ် ၇၀၀၀၀ ထုတ်လုပ် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ မန္တလေးတိုင်း စိန်ပန်းစက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းက ထုတ်လုပ်သော ကြက်ဆူဆီသုံးမီးဖိုကို ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးတွင် တက္ကသိုလ်ဝင် စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မအိဖြူအား ဘဏ္ဍာရေးမှူး ဦးမြင့်လွင် ဂုဏ်ပြုလက်ဆောင် ချီးမြှင့်စဉ်။ (က–ပ)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၇

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတို့ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ တိုက်ကြီးမြို့နယ်အသင်း ခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုက်ကြီးမြို့နယ်အသင်းဥက္ကဋ္ဌ၊ အပူဇော်ခံဆရာကြီး ဦးမြမောင်၊ ဂုဏ်ပြုခံ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတ ဓရ ဦးချုသန်း၊ လူမှုထူးချွန်ဆုရှင် ဦးမြသိန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ စိုးမြတ်နန္ဒာနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မအိဖြူတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

စမ်းချောင်းမြို့နယ် ဗားကရာတိုက်ရှိ ရှမ်းကျောင်းကြီးဝင်းအတွင်း တိုက်ကြီးမြို့နယ်အသင်းက တည်ဆောက်ခဲ့သော ငွေကျပ်သိန်း ၄၀၀ ကျော်တန် အသင်းခမ္မာရုံနှင့် သံဃာတော်များဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲကိုလည်း ဆက်လက်ပြုလုပ်ခဲ့ကြောင်းသိရသည်။ (က–ပ)

ဒသနိကဗေဒဌာန အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ဒသနိကဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ (အဝေးသင်တက္ကသိုလ်များအပါအဝင်) တက်ရောက်ကြပါရန်နှင့် ရန်ကုန်တက္ကသိုလ် ဒသနိကဗေဒဌာန ဖုန်း ၅၃၅၇၂၉၊ ဦးဇော်မြင့်ဦး ဖုန်း–၂၈၇၁၀၄၊ ၀၉–၅၁၃၃၈၉၈၊ ဦးမြင့်ဆွေ ဖုန်း–၀၉–၅၁၁၁၄၁၀၊ ဦးကြည်ဝင်း ဖုန်း–၅၂၅၆၁၆၊ ဦးအေးဖေ ဖုန်း–၃၇၁၆၅၉၊ဦးကျော်ဆွေ ဖုန်း–၅၅၆၈၉၄၊ ဒေါ်မြသီ ဖုန်း–၅၇၇၈၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကွယ်လွန်သူ ဦးခင်အုန်း–ဒေါ်ခင်ထွေး တို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် စက်မှု(၁)အိမ်ရာနေ ဦးဇော်ဝေ–ဒေါ်စန်းစန်းတင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် ခေတ်မီမျက်စိခွဲစိတ်ကိရိယာအတွက် ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (က–ပ)

ထားဝယ်အသင်း(ရန်ကုန်)၏ (၇၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဦးခင်စိုးက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို လှူဒါန်းရာ နာယက ဦးလုတင်က လက်ခံရယူစဉ်။ (က–ပ)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးသိန်းစိုး–ဒေါ်သင်းသင်းဝင်း၊ သား အောင်မြတ်သူ၊ ဉာဏ်ဟိန်းထက် မိသားစုတို့မှ အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့၊ အဖွဲ့ဝင်ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ရွှေမြင့်မိုရ်ကျောင်းတိုက်ခမ္မကထိက ဗဟုဇနဟိတရေ၊ ပိဋကတစ်ပုံအောင်ဆရာတော်အရှင်သောဘဏသည် ကရင်ပြည်နယ် မြဝတီမြို့ ကြံခင်းကျောင်းတိုက်ခမ္မာရုံနှင့် မြောက်ပိုင်းခမ္မာရုံတို့တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၇း၁၀	တေးဂီတအစီအစဉ်
၇း၁၅	Myanmar Video Rhythm
၈း၀၅	အရက်အန္တရာယ်
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ပြည်ပသို့ ထွက်ခွာခွင့်ပုံစံ "ဃ" (D-Form) အကြောင်း သိကောင်းစရာ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	မော်တုံးကြီး ကျောက်ငါးမွေးမြူရေးစခန်း (ကျွန်းစုမြို့နယ်၊မြိတ်မြို့)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ဆီးချို၊သွေးချိုရောဂါ အကြောင်းဟောပြောချက် အပိုင်း(၂)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သစ်ဆိမ့်ဖူးစာ (သျှားညို၊ခိုင်နှင်းဝေ)
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	Video Magazine (Part 1)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြန်မာစာ၊ မြန်မာစကား(၅)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၂း၂၅ Charlton-Liverpool
လိုင်း 5-Movies(Live)

FA ဘောလုံးပွဲစဉ်

၂း၂၅ Chelsea-Everton
လိုင်း 5-Sports(Live)

ပညာရည်စွမ်းအားကို နိုင်ငံဖွံ့ဖြိုးရေး အပြုသဘောသုံးတတ်သည့် သားကောင်းသမီးမွန်များဖြစ်အောင် ပျိုးထောင် တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာအောင်စည်းရုံး

❍ ကျောဖုံးမှ

စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍက စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်အခါကာလဖြစ်ကြောင်း၊ ထို့အပြင် ထာဝစဉ်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပြည်သူများ ပညာရည်မြင့်မားပြီး အသိအမြင် ဗဟုသုတကြွယ်ဝစေရန် ပညာရေးကဏ္ဍကအပါအဝင် နယ်ပယ်ကဏ္ဍစုံ၌ အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါကာလလည်း ဖြစ်ကြောင်း။

ဤကဲ့သို့ ပညာရေးကို အဓိကအခန်း ကဏ္ဍထားရှိပြီး နိုင်ငံတော်ကို တည်ဆောက်နေသည့် အခြေအနေအချိန်အခါမျိုးတွင် ပညာရေးတာဝန်များကို ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ဆရာကောင်းတစ်ဦး၏ကျင့်ဝတ်နှင့် တာဝန်များကို လိုလိုလားလား၊ တက်တက်ကြွကြွ ထမ်းဆောင်လိုသောစိတ်ဓာတ်နှင့် ထိထိရောက်ရောက် ပီပီပြင်ပြင် စွမ်းဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်တို့ အစဉ်အမြဲ ထက်မြက်ခိုင်မာနေစေရအောင် မိမိတို့ကိုယ် မိမိတို့ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့တာဝန်၊ ပညာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပေးကြပါဟု ပထမဦးစွာ မှာကြားလိုကြောင်း။

စိတ်ဓာတ်စွမ်းအား

အမှန်တကယ်အားဖြင့် ယနေ့ မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်သည် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို မျက်မှောက်ကာလတွင်သာမက အနာဂတ်ကာလတွင်ပါ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများရရှိစေရုံသာမက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများနှင့် လူမှုတန်ဖိုးများကိုပါ လေးစားမြတ်နိုးထိန်းသိမ်းမြှင့်တင်လိုသော စိတ်ဓာတ်စွမ်းအားများကိုပါ ယှဉ်တွဲတည်ဆောက်ပေးနေသည့် အစီအမံများပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များ၏စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသကစ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထား လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသား လူငယ်များကိုသာမက ဒေသခံပြည်သူများကိုလည်း အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေးစည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ခေတ်နှင့်ညီအောင်၊ ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဤနည်းအားဖြင့် ပြည်သူလူထု၏ အသက်မွေးမှုအခြေခံများကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

ပညာပေးစည်းရုံး

ဆရာဆိုသည်မှာ တပည့်များမှတစ်ဆင့် လူထုနှင့် နေ့စဉ်ထိတွေ့နေရသည့်အပြင် လူထုအပေါ် ကောင်းသောဩဇာသက်ရောက်နိုင်သည့်ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ယင်းကောင်းသောဩဇာကို ရပ်ရွာကောင်းကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်သည့် စေတနာလုပ်ရပ်ဖြင့် ပေါင်းစပ်ပြီး ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများကိုယ်တိုင် ကြိုးစားဆောင်ရွက်လာနိုင်ကြစေရအောင် ပညာပေးစည်းရုံးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါများလာမှသာ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် တည်ဆောက်နိုင်စွမ်းရှိမည်ဖြစ်သကဲ့သို့ ပြည်သူများ ပညာရည်မြင့်မားပြီး အသိဉာဏ်ဗဟုသုတပြည်စုံ ကြွယ်ဝမှသာ မိမိနိုင်ငံမိမိ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသားစံပြဆုရ တနင်္သာရီတိုင်း ပုလောမြို့နယ် ပဝတ်ကုန်း အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြ ဆရာဦးလှဝေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဆရာ၊ ဆရာမများအားလုံးက မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသား လူငယ်များကို မိမိနိုင်ငံမိမိ တည်ဆောက်နိုင်စွမ်းရှိသည့် ပညာရည်နှင့်ပြည့်စုံစေရအောင်၊ ယင်းပညာရည်စွမ်းအားကို နိုင်ငံဖွံ့ဖြိုးရေးအတွက် အပြုသဘောအသုံးပြုတတ်သည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များအပါအဝင် မိမိတို့တာဝန်ကျရာ အရပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ငြိမ်အေးချမ်းရေးစိတ်ဓာတ်၊ နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွား ထက်သန်ခိုင်မာစေရအောင် စည်းရုံးဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(G-132) တနင်္သာရီတိုင်း ပုလောမြို့နယ် ပဝတ်ကုန်းအခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးလှဝေအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (B-100) ပဲခူးတိုင်း(အနောက်)လက်ပံတန်းမြို့နယ် အောင်သုခ အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မျိုးမျိုးဦးအားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုကို သင်တန်းသားအမှတ်(G-167) မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အေးရိပ်ငြိမ်အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးအားလည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုကို သင်တန်းသူအမှတ်(D-147) ပဲခူးတိုင်း(အနောက်) ပေါက်ခေါင်းမြို့နယ် ကြိုးကြာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ဒေဝီစိန်နှင့် သင်တန်းသူအမှတ် (E-56) ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ခင်ခင်သိန်းတို့အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက စံပြအဆောင်ဆုကို အမျိုးသားတပ်ခွဲ(၅) အဆောင်(၈)နှင့် အမျိုးသမီးတပ်ခွဲ(၇) အဆောင်(၄)တို့ကိုလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

လှူဒါန်းငွေများပေးအပ်

ယင်းနောက် သင်တန်းသား၊သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် တိုးချဲ့မွမ်းမံတည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် လှူဒါန်းငွေ၊ ဖောင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းငွေနှင့်ဗဟိုဝန်ထမ်း တက္ကသိုလ်မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၄၄၈၀၄၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၈ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီးသုံးပါးတို့အား ဂုဏဝိသိဋ္ဌ ပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။ ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်း အထောက်အထား မိတ္တူများကို ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးကျော်ရန် ဖုန်း–၅၈၄၁၉၅၊ ဦးမောင်မောင်လှ ဖုန်း–၃၈၄၅၆၇၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း–၃၈၂၇၄၁၊ ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂နှင့် ဦးအေးလွင် ဖုန်း–၆၆၆၄၅၆ တို့ထံ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ (က–ပ)

နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဒူးယား–ရွှေတောင်သာရ–အုန်းပင်ကွင်းလမ်း တစ်မိုင်သုံးဖာလုံ ကျောက်ချောခင်းခြင်းနှင့် တစ်မိုင်သုံးဖာလုံ မြေသားခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဇန်နဝါရီ ၂၈ ရက်က ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၂၆ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း အဖွဲ့ဝန်ထမ်းများဖြင့် ပန်းအလှပင်များကို ပျိုးထောင် ပေါင်းသင်ကြစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စု၏အလှ ပြည်ထောင်စု၏အနှစ်သာရ

ကြည်ဝင်းညွှန့်

အသီးတစ်ရာ
အညှာတစ်ခု
နှင့်ပြည်ထောင်စု

မြန်မာနိုင်ငံသည် ပန်းပေါင်းစုံတို့ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးနှင့် သဏ္ဍာန်တူသည်။ မြန်မာနိုင်ငံမြောက်ဘက်စွန်းမှ ရေခဲများဖုံးလွှမ်းနေသော တောင်တန်းကြီးများသည် ဝေသီမြင့်မားသည်နှင့်အမျှ ငွေရောင်ဆမ်းထားသည့်နှယ် လှပစွာတည်ရှိနေသည်။ ထိုတောင်တန်းကြီးများမှ မြစ်ဖျားခံ၍ ကွေ့ကာရစ်ကာ ယှက်နွယ်စီးဆင်းလာသည့် မြစ်ချောင်းအသွယ်သွယ်တို့သည် ကချင်ပြည်နယ်အတွင်း ပေါင်းဆုံကာ ဧရာဝတီမြစ်ကြီးအဖြစ် တငြိမ့်ငြိမ့် တသွင်သွင် စီးဆင်းလာခဲ့ကြသည်မှာ တောင်ဘက်သမုဒ္ဒရာအစပ် မြစ်ဝကျွန်းပေါ်ဒေသအထိ ဖြစ်သည်။

မြန်မာနိုင်ငံတောင်ဘက်စွန်းမှ မြိတ်၊ ထားဝယ်၊ ကော့သောင်းမြို့များ တည်ရှိရာ တနင်္သာရီကမ်းရိုးတန်းသည် ရိုးမတောင်တန်းကြီးနှင့် ပင်လယ်ပြင်အကြား၌ တည်ရှိသဖြင့် တော၏အလှ၊ တောင်၏အလှနှင့် ပင်လယ်ပြင်၏အလှများကို ပေါင်းစပ်တွေ့မြင်နေရသည်။ ပင်လယ်ပြင်အတွင်းမှကျောက်စိမ်းတုံးကြီးများ တစ်စစီ မျောပါနေသကဲ့သို့ ပြန့်ကျဲနေသော ကျွန်းစုများ၏ တည်ရှိနေမှုများမှာ ပန်းချီဆန်သော သဘာဝရှုခင်းအလှများ ဖြစ်သည်။

ဧရာဝတီမြစ်ကြီးကိုအမှီပြု၍ အရှေ့–အနောက်၊ တောင်–မြောက်၊ ဝဲ–ယာဒေသတစ်ခွင်တစ်ပြင်သည် မြသားကမ္ဗလာ စိမ်းရောင်ဖြာနေသည့် အဖိုးတန် သစ်တောကြီးများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ မြစ်ဝှမ်းလွင်ပြင်များတွင် သီးထပ်သီးညှပ် သီးနှံစုံစိုက်ခင်းကြီးများက ရောင်းစုံဖြာနေသည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့မြေပုံ တင်လျက်ရှိသော လှပသည့် မြန်မာ့မြေပေါ်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသား များသည် ဘိုးဘေးအစဉ်အဆက် ဥမကွဲသိုက်မပျက် အေးအတူ ပူအမျှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစည်း နေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ထူးခြားသောဝိသေသမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရေမြေသဘာဝ တည်နေရာအနေအထားအရ နေထိုင်ရာဒေသအလိုက် မျိုးနွယ်စု အစဉ်အလာ အလေ့အထများ သီးခြားစီရှိကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုဖွားများပီပီ တူညီသည့် သမိုင်းနောက်ခံ၊ တူညီသည့် ရိုးရာဓလေ့အယူအဆနှင့် တူညီသည့် ယဉ်ကျေးမှုအခြေခံများကို ဝေမျှပိုင်ဆိုင်နေကြသူ ညီရင်းအစ်ကို၊ မောင်ရင်းနှမများသာဖြစ်ကြောင်း သမိုင်းအစဉ်အလာက ခိုင်မာစွာပြဆိုနေသည်။

အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့်လူမှုဓလေ့များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ သီးပွင့်နေကြသော သွေးရင်းသားချင်းများသာ ဖြစ်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရှည်လျားသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် တိုင်းရင်းသားတိုင်း၏ နှလုံးအိမ်ထဲတွင် စွဲထင်ကိန်းအောင်းနေဆဲပင်ဖြစ်သည်။ ထိုစိတ်ဓာတ်နှင့် အစဉ်အလာများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ အလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ထည်ထည် မားမားမတ်မတ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသော အမျိုးသားရေးအားမာန်များပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝဖြင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ သို့သော်လည်း ကျူးကျော်လိုသူ နယ်ချဲ့တို့၏ ပရိယာယ်ဝေဝုစ်များလှသော သပ်လျှိုဖြိုခွဲမှုများကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့ရသည်။ သူ့ကျွန်ဘဝသို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရသည်။

သို့သော် သူ့ကျွန်မခံလိုသူ တိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့က ဇာတိသွေးဇာတိမာန် ထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စားအသက်ပေး၍ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းရာတွင် လွယ်လွယ်ဖြင့် ရရှိခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ခြင်းကြောင့်သာဖြစ်သည်။

နယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်နေသော ကာလတစ်လျှောက်၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကိုလိုနီနယ်ချဲ့တို့အား နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဆန့်ကျင်တိုက်ပွဲဝင်လာခဲ့ကြသည်။ မြန်မာတို့အား ကျွန်သက်ရှည်စေရန်အတွက် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့ကြရုံမျှမက လွတ်လပ်ရေးပေးရခါနီးအချိန်ကာလတွင်ပင် တိုင်းရင်းသားအချင်းချင်း သံသယဝင်စေရန် နယ်ချဲ့တို့က လုပ်ကြံဖန်တီး သွေးခွဲခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် တောင်တန်းမြေပြန့်အားလုံး တစ်ချိန်တည်း လွတ်လပ်ရေးရရှိရေးအတွက် နယ်ချဲ့တို့နှင့် အားပြိုင်ခဲ့ရသေးသည်။ တိုင်းရင်းသားအားလုံးက လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်ထပ်တည်းကျသော သဘောထားဆန္ဒကို ဖော်ပြခဲ့ကြသည်။ ထိုဆန္ဒကို အခိုင်အမာပြသရန် ပင်လုံညီလာခံကိုကျင်းပနိုင်ခဲ့သည်။ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အတွင်းရှိ ပင်လုံမြို့တွင် ကျင်းပသော တိုင်းရင်းသားပေါင်းစုံကိုယ်စားလှယ်ကြီးများ၏ ညီလာခံကို ပင်လုံညီလာခံ ဟု ဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြသည်။

ပင်လုံညီလာခံကို နှစ်ကြိမ်ကျင်းပခဲ့သည်။ ပထမပင်လုံညီလာခံကို ၁၉၄၆ခုနှစ် မတ်လ၁ရက်နေ့မှ ၁၂ရက်နေ့အထိ ကျင်းပခဲ့သည်။ ရှမ်း၊ ကချင်၊ချင်း၊ကယား တိုင်းရင်းသားခေါင်းဆောင်များ၊ ဖဆပလ ခေါင်းဆောင်များနှင့်အခြားနိုင်ငံရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ပထမပင်လုံညီလာခံတွင် တက်ရောက်သူ အချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့ကြသည်။ နောင်နှစ်တွင် ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးပြီးမိမိတို့နိုင်ငံ အနာဂတ်ကောင်းမွန်ရေးအတွက်အဖြေရှာကြရန် သဘောထားချင်း ညီမျှခဲ့ကြသည်။

ဒုတိယပင်လုံညီလာခံဖြစ်သည့် ပိုမိုလေးနက်ကျယ်ပြန့်သော ပင်လုံ ညီလာခံကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့မှ စတင်ကျင်းပကာ ၁၂ရက်နေ့တွင် ပင်လုံသဘောတူညီချက်(စာချုပ်)ကို တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ပင်လုံညီလာခံကြီးသို့ ဗြိတိသျှ တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီးနှင့် လန်ဒန်အစိုးရ၏ ကိုလိုနီဆိုင်ရာ အတွင်းဝန်တို့ အကဲခတ်ရန် လာရောက်ခဲ့ကြသည်။ ညီလာခံရက်များအတွင်း တောင်တန်းဒေသမှ တိုင်းရင်းသားများအား ပြည်မနှင့်အတူ လွတ်လပ်ရေးမယူဘဲ ဒိုမီနီယံအဆင့်ဖြင့် ချန်နေရစ်ရန် သွေးဆောင်ခဲ့ကြသေးသည်။

နယ်ချဲ့တို့က ညီလာခံကျင်းပနေသည့် ရက်ပိုင်းတစ်လျှောက် မည်သို့ပင် သွေးခွဲသပ်လျှို စည်းရုံးသိမ်းသွင်းကြစေကာမူ လွတ်လပ်ရေးကို ချစ်မြတ်နိုးသော တိုင်းရင်းသားခေါင်းဆောင်ကြီးများက ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံစာချုပ်ကို တညီတညွတ်တည်း လက်မှတ်ရေးထိုးလိုက်ကြသည်။ ထိုနေ့သည် ပြည်ထောင်စုဖွား သွေးချင်းသားရင်း တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာ မော်ကွန်းထိုးနိုင်ခဲ့သောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စု၏ သန္ဓေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုအမွေကို လက်ဆင့်ကမ်းပေးလိုက်သောနေ့ပင် ဖြစ်သည်။

ပင်လုံညီလာခံ၏ အောင်မြင်မှု၊ စည်းလုံးညီညွတ်မှုသည် နယ်ချဲ့သမားများကို အံ့အားသင့်စေခဲ့သည်။ တုန်လှုပ်စေခဲ့သည်။ မိမိတို့ နှစ်ပေါင်း ၁၀၀ကျော် သွေးခွဲထားခဲ့သော်လည်း ပင်လုံ၌ ပြုလုပ်သော မြန်မာပြည်ထောင်စု တည်ထောင်မည့် ပင်လုံအဓိဋ္ဌာန်ကို မသက်မသာဖြင့် လက်မှိုင်ချခဲ့ကြရသည်။

နိုင်ငံတော်၏ အတိတ်သမိုင်းကို ပြန်လည်ဆန်းစစ်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည့် အချိန်အခါမျိုးတွင် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရတတ်ပြီး အချင်းချင်း မညီညွတ်မှုကို အခွင့်ကောင်းယူ၍ ပြင်ပပယောဂများ ဝင်ရောက်ရာမှ လွတ်လပ်ရေးပင် ဆုံးရှုံးခဲ့ရဖူးသည်။ သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ခိုင်ခိုင်မာမာ ရရှိလာသည်နှင့် တစ်ပြိုင်နက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ မမေ့သင့်သော သမိုင်းကပေးသည့် သင်ခန်းစာများဖြစ်သည်။

ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခိုင်အမာ ဖော်ညွှန်းခဲ့သည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်လာခဲ့ရာ ၅၉နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ဤကဲ့သို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စတင် သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားလူမျိုးများ အားလုံးအတွက် အမွန်အမြတ် နေ့ထူးနေ့မြတ် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ထူးခြားမွန်မြတ်ပြီး ပြည်ထောင်စုအမွေ အမျိုးသားရေးအနှစ်သာရများဖြင့် ပြည့်ဝနေသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ရာ ပြည်ထောင်စုနေ့၏ အဓိပ္ပာယ်နှင့်အနှစ်သာရကို သားစဉ်မြေးဆက် ထာဝရတန်ဖိုးထားပြီး တည်ဆောက်မြှင့်တင်နေကြရမည်သာ ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးချင်းသားရင်းများပီပီ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှုရှိနေကြရန် လိုအပ်သည်။ နယ်ချဲ့၏ဆိုးမွေဖြစ်သည့် အမြင်ကျဉ်းမြောင်းသော လူမျိုးစွဲအယူအဆများ ကင်းစင်ပပျောက်သွားသည်နှင့်အမျှ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲနေမည် ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းသာယာဝပြောမှု အကျိုးရလဒ်ကောင်းများကို တိုးတက်ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး ရေမြေရာသီဥတု အခြေခံကောင်းများဖြင့် ပြည့်စုံသော နိုင်ငံဖြစ်သည်။ ထို့အတူ မြန်မာတို့သည် အမျိုးကိုချစ်သော၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသော၊ အမျိုးသားရေးယဉ်ကျေးမှု စရိုက်လက္ခဏာကောင်းများဖြင့် ပြည့်စုံသော လူမျိုးဖြစ်သည်။

သိပ္ပံနှင့် နည်းပညာရပ်များ တစ်ဟုန်ထိုး တိုးတက်မြင့်မားလာမှုကြောင့် တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အမျိုးသားရေး အကျိုးစီးပွား ပိုမိုခိုင်မာတောင့်တင်းအောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

အသီးတစ်ရာ ...
☆ ရွှေကောက်နှံ ရွှေစပ ...
ရွှေသားအတိ ပေါပြ ...
ဒို့နိုင်ငံ သယံဇာတ ...
ကြွယ်ဝအမှန်
ပတ္တမြား ကျောက်သ ...
နိုင်ငံအနှံ့ ထွန်းလင် ...
မြရောင် စိန်ရောင်နဲ့ ...
ရွှေအရောင် နေရော ...
တောက်ပဘိခြင်း။
☆ ရွှေတောင်မှာ ငွေတေ ...
လှလွန်းသည့် ငါတို့ ...
လမ်းတံတားဆို တစ် ...
ပန်းများလို တစ်ပွင့် ...
ဖူးပွင့်ခဲ့ပေ။
ပြည်ထောင်စု သွေး ...
ရွှေလက်တွေ ခိုင်ခိုင် ...
မြေပြန့်မှာ အတူပျော ...
တောင်ပေါ်မှာ အတူ ...
ရှေ့ဆက်မည်ပဲ။
☆ ရွှေနိုင်ငံ ရွှေပြည်သစ ...
ရွှေခေတ်သို့ရောက်ပြ ...
ကချင် ကယား က ...
အင်အား စုံအလင် ...
ချင်းအပြင် ဗမာ မွန ...
အားသွန်ကာ ရခိုင် ...
ကြိုးပမ်းကာ အစဉ်မ ...
နွဲကြစို့ဟေ။
ကမ္ဘာတည်သရွေ့ မြ ...
တည်ပစေ ထာဝရ။ ...
ပြည်ထောင်စု စိတ်ဓ ...
ညီနောင်တွေ ဆက်ခ ...
မငြိုးစရာ ပမာပြုရလ ...
"အသီးတစ်ရာ အည ...
ပြည်ထောင်စု အားမ ...
ကြိုးလိုက်ပါကြ။

(၅၉)နှစ်မြောက် ပြည်ထောင်စ ...

တ ...

ယနေ့ကာလတွင် နိုင်ငံတော်အစိုး ...
အတူ တိုင်းရင်းသား ပြည်သူတစ် ...
သော စွမ်းအားဖြင့် အေးချမ်းသာယာ ...
နိုင်ငံတော်ကို ဦးထမ်းပဲ့ထမ်း ကြိုးပမ်းတ ...
သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြော ...
ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသ ...
စီးပွားကို ရှေးရှုပြီး နယ်မြေဒေသတ ...
တစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှ ...
အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသ ...
အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး ...
အအုံများစွာကို တည်ဆောက်ဖြည့်ဆ ...

ပြည်ထောင်စုတစ်ဝန်းလုံး၌ လ ...
ကောင်းမွန်ရေးအတွက် ပေ ၁၈၀ နှင့် အ ...
စိုက်ပျိုးရေး ကဏ္ဍအကျိုးပြုဆည်တမံ ...
အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ...
၆၇၇၈ ကျောင်း၊ တက္ကသိုလ်ကောလိပ် ...
စောင့်ရှောက်မှုအတွက် ဆေးရုံပေါ ...
အဆောက်အအုံများစွာကို ၁၇နှစ်တာ ...

အသီးတစ်ရာ အညှာတစ်ခု

☆ ရွှေကောက်နှံ ရွှေစပါးက
ရွှေသားအတိ ပေါပြည့်လျှံ။
ဒို့နိုင်ငံ သယံဇာတ
ကြွယ်ဝအမှန်
ပတ္တမြား ကျောက်သံ
နိုင်ငံအနှံ့ ထွန်းလင်း။
မြရောင် စိန်ရောင်နဲ့
ရွှေအရောင် နေရောင်အောက်မှာ
တောက်ပဘိခြင်း။
☆ ရွှေတောင်မှာ ငွေတောင်ဝန်းလို့
လှလွန်းသည့် ငါတို့မြေ။
လမ်းတံတားဆို တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများလို တစ်ပွင့်ပြီးတစ်ပွင့်
ဖူးပွင့်ခဲ့ပေ။
ပြည်ထောင်စု သွေးချင်းဆွေ
ရွှေလက်တွေ ခိုင်ခိုင်တွဲ။
မြေပြန့်မှာ အတူပျော်လို့
တောင်ပေါ်မှာ အတူမွေ့
ရှေ့ဆက်မည်ပဲ။
☆ ရွှေနိုင်ငံ ရွှေပြည်သစ်ရဲ့
ရွှေခေတ်သို့ရောက်ပြီလေ . . .။
ကချင် ကယား ကရင်ကွယ့်
အင်အား စုံအလင်ပေါ့
ချင်းအပြင် ဗမာ မွန်နဲ့
အားသွန်ကာ ရခိုင် ရှမ်းတို့
ကြိုးပမ်းကာ အစဉ်မခွဲ
နွဲ့ကြစို့ဟေ။
ကမ္ဘာတည်သရွေ့ မြန်မာ့မြေ
တည်ပစေ ထာဝရ။
ပြည်ထောင်စု စိတ်ဓာတ်အမွေ
ညီနောင်တွေ ဆက်ခံကြ။
မငြီးစရာ ပမာပြုရလျှင်ဖြင့်
"အသီးတစ်ရာ အညှာတစ်ခု"ပေပေါ့
ပြည်ထောင်စု အားမာန်နှိုးလို့
ကြိုးလိုက်ပါကြ။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

တက္ကသိုလ်ညိုမင်းမောင်

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော

ကချင်ပြည်နယ်

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက်တည်ဆောက်ပေးခဲ့သော မိုးကောင်းတံတားကို တွေ့ရစဉ်။

ကချင်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြောက်ဘက် အကျဆုံး အပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၃၄၃၇၉ မိုင် ကျယ်ဝန်းသည်။ ကချင်၊ ချင်း၊ ဗမာ၊ ရှမ်း၊ နာဂ စသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ စုပေါင်းနေထိုင်ကြ၍ ပြည်ထောင်စုငယ် တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၁၄၃၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၄၂ ယောက် ဖြစ်သည်။

ကချင်ပြည်နယ်သည် တောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး တောင်များဖြစ်သော ခါကာဘိုရာဇီ ၁၉၂၉၆ ပေနှင့် ဂန်လန်ရာဇီ ၁၉၁၄၂ ပေ စသည့် တောင်များတည်ရှိကာ အဆိုပါ တောင်ထိပ်များပေါ်တွင် ဆီးနှင်းရေခဲများ အမြဲဖုံးလွှမ်းလျက်ရှိသည်။ အကျယ်ဆုံးလွင်ပြင်များမှာ ချင်းတွင်းမြစ်ဖျားရှိ တနိုင်းခမြစ်ဝှမ်းမှ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မလိခမြစ်ဝှမ်းရှိ ပူတာအိုလွင်ပြင်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့ဝန်းကျင်ဒေသများ၊ အင်းတော်ကြီးကန်၊ မိုးကောင်းချောင်းနှင့် ကောက်ကွေ့ချောင်းပတ်ဝန်းကျင်ဒေသများ ဖြစ်ကြသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း)ကို တွေ့ရစဉ်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်၏ အားပေးမြှင့်တင်မှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲ ကြိုးပမ်းအားထုတ်မှုများကြောင့် ကချင်ပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး အသီးအပွင့်များကို ဒေသခံ တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ခံစားနေကြရပြီဖြစ်သည်။ ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။

ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
– စိုက်ပျိုးမြေ(ဧက)	၃၇၉၅၁၂	၇၉၈၉၈၅	၄၁၉၄၇၃
– မြစ်ရေတင်လုပ်ငန်း	–	၂	၂
– မိုးစပါးစိုက်(ဧက)	၂၇၃၅၄၃	၄၁၂၂၄၁	၁၃၈၆၉၈
– နွေစပါးစိုက်(ဧက)	–	၃၁၅	၃၁၅
– ဆီထွက်သီးနှံစိုက်(ဧက)	၄၀၃၂၅	၁၂၇၉၁၁	၈၇၅၈၆
– ငါးမွေးမြူရေးကန်(ဧက)	၅၈	၈၆၈	၈၁၀
သစ်တောပြုစုပျိုးထောင်မှု			
– ကြိုးဝိုင်းတော(စတုရန်းမိုင်)	၂၀၀၈	၂၂၁၈	၂၁၀
– သဘာဝသစ်တော			
– ဧရိယာ(စတုရန်းမိုင်)	၂၆၉	၂၇၈၅	၂၅၁၆
– သစ်တောစိုက်ခင်း(ဧက)	၂၁၁	၁၅၄၁၅	၁၅၂၀၄
လမ်းပန်းဆက်သွယ်ရေး			
– ကားလမ်း(မိုင်)	၁၄၇၁	၁၆၄၄	၁၇၃
– ကတ္တရာလမ်း	၁၆၀	၃၁၅	၁၅၅
– ကျောက်လမ်း	၁၅၆	၄၀၈	၂၅၂
– ရထားလမ်း(မိုင်)	၁၁၅	၁၂၂	၇
– သံလမ်း(မိုင်)	၁၂၄	၁၃၁	၇
– ဘူတာရုံ	၂၁	၃၃	၁၂
– ပေ၁၈၀အထက်တံတား	၆	၁၃	၇
– ပေ၁၈၀အောက်တံတား	၆၃	၂၈၉	၂၂၆
လျှပ်စစ်စွမ်းအား			
– ရေအားလျှပ်စစ်စက်ရုံ	၁	၄	၃
– ဓာတ်အား			
– သုံးစွဲမှုယူနစ်(သန်း)	၁၁ဒသမ၃၇၁	၃၀ဒသမ၉၇၈	၂၉ဒသမ၆၀၇
ပညာရေး			
အခြေခံပညာအဆင့်			
– မူလတန်းကျောင်း	၁၀၈၀	၁၁၅၁	၇၁
– အလယ်တန်းကျောင်း	၆၈	၈၇	၁၉
– အထက်တန်းကျောင်း	၃၀	၇၇	၄၇
– ဆရာ/ဆရာမဦးရေ	၄၈၇၃	၇၇၉၃	၂၉၂၀
– ကျောင်းသားဦးရေ	၁၄၂၂၄၈	၂၆၄၃၄၃	၁၂၂၀၉၅
အဆင့်မြင့်ပညာအဆင့်			
– တက္ကသိုလ်	–	၁	၁
– ဒီဂရီကောလိပ်	၁	၂	၁
– ကောလိပ်	–	၁	၁
– အစိုးရကွန်ပျူတာကောလိပ်	–	၂	၂
– အစိုးရနည်းပညာကောလိပ်	–	၂	၂
– အစိုးရစက်မှုလက်မှုသိပ္ပံ	–	၁	၁
ကျန်းမာရေး			
– ဆေးရုံ	၃၅	၄၄	၉
– ကျန်းမာရေးဌာနများ	၆၉	၇၂	၃
– တိုင်းရင်းဆေးရုံ	–	၁	၁
ဆက်သွယ်ရေး			
– စာတိုက်စခန်း	၆၄	၈၀	၁၆
– ကြေးနန်းရုံး	၂၀	၂၈	၈
– တယ်လီဖုန်းရုံး	၁၂	၅၆	၄၄
ပြန်ကြားရေးနှင့်			
ပြည်သူ့ဆက်ဆံရေး			
– ရုပ်မြင်သံကြား			
– ထပ်ဆင့်လွှင့်စက်ရုံ	၂	၂၇	၂၅
– ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်	–	၇၈၈	၇၈၈
– ကိုယ်ပွားသတင်းစာတိုက်	–	၁	၁

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဦးထမ်းပဲ့ထမ်း ကြိုးပမ်းတည်ဆောက်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသား လူမျိုးများအားလုံး၏ အကျိုးစီးပွားကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ပေ ၁၈၀ နှင့် အထက် တံတားပေါင်း ၂၁၁ စင်း၊ စိုက်ပျိုးရေး ကဏ္ဍအကျိုးပြုဆည်တမံပေါင်း ၁၈၂ ခု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၆၇၇၈ ကျောင်း၊ တက္ကသိုလ်ကောလိပ် ၁၂၄ ခု၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံပေါင်း ၁၉၃ ရုံ စသည့် အခြေခံအဆောက်အအုံများစွာကို ၁၇နှစ်တာမျှ ကာလအတွင်း တည်ဆောက်ဖြည့်ဆည်းပေးနေခြင်းသည် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် မေတ္တာစေတနာ၏ ပြယုဂ်များပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်း သာယာမှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်ပေး နိုင်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက အနာဂတ် နိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့နေမည့် ခိုင်မာစစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင်ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်းသာယာမှု များ လွှမ်းခြုံနေသည့် လှပသောနိုင်ငံဖြစ်သည်။ သာယာလှပပြီး သယံဇာတ ပေါများကြွယ်ဝသော ဤမြေပေါ်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်ဖြင့် ပေါင်းစည်းနေထိုင်လျက် ရှိကြသည်။ တိုင်းရင်းသားများအားလုံးက စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခင်ခြင်း၊ အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန် မှီခိုအားထား ယုံကြည်ခြင်း စသည့် ပြည်ထောင်စု၏အနှစ်သာရ အမွန်အမြတ်တရားများကို မြတ်နိုးတန်ဖိုးထားကြသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမ အားလုံးတို့သည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ရင်းနီးချစ်ကြည် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စု၏သန္ဓေ၊ ပြည်ထောင်စု ၏အမွေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စု ၏ အနှစ်သာရများကို လက်ဆင့်ကမ်းသယ်ဆောင် ထိန်းသိမ်းသွားကြရန် **(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့** ကို ကြိုဆိုဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ ဇပဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် ဇပဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖုံလှနှင့် ဇပဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းတို့နှင့်အတူ ယမန်နေ့ နံနက် ၉နာရီတွင် ဇပဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) စစ်ရေးပြကွင်း တည်ဆောက်နေမှု အခြေအနေ၊ ကတ္တရာလမ်းဖောက်လုပ်ရန် လျာထားသော တက္ကသိုလ်အဝင်လမ်းမကြီးလမ်းအူကြောင်းနှင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဇပဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကြက်ဆူပင် မျိုးကိုင်း ၁၀၀၃၀ကို စိုက်ပျိုးပြီးစီး၍ ၉၈၄၇ပင် ပျိုးထောင်ပြီးဖြစ်ကြောင်းနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိသည်။ (သတင်းစဉ်)

Air Bagan မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆဋ္ဌမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် MPGAနှင့် MGF ဥက္ကဋ္ဌနှင့်အတူ ဆုရ ဂေါက်သီးရိုက် အားကစားသမားများအား တွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

Air Bagan မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဇော်ဇော်လတ် ၁၀ ချက်လျှော့ရိုက်ပြီး ၂၇၈ ချက်ဖြင့် ဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Air Bagan Ltd.က အဓိက ကူညီပံ့ပိုးသော ၂၀၀၅–၂၀၀၆ ခုနှစ် Air Bagan မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ် စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ကော့သောင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော အောင်ဝင်း (သစ်တောရေးရာဝန်ကြီးဌာန)အား ဆုချီးမြှင့်ပြီး Air Bagan Ltd. Director ၊ Air Bagan Myanmar Golf Tour-Tournament Director ဦးမင်းသိန်းက Amateur ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအားလည်းကောင်း၊ Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်ဌေးက Amateur ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၇ချက်ဖြင့် ပထမရရှိသော အောင်ဝင်း (သစ်တောရေးရာဝန်ကြီးဌာန)၊ စုစုပေါင်းရိုက်ချက် ၃၀၁ ချက်ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်းနှင့် စုစုပေါင်းရိုက်ချက် ၃၀၃ချက်ဖြင့် တတိယရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် လေးရက်ပေါင်း ၁၀ချက် လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၇၈ချက်ဖြင့် ပထမရရှိသော ဇော်ဇော်လတ် (Srixon)၊ လေးရက်ပေါင်း ငါးချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၈၃ချက်ဖြင့်ဒုတိယရရှိသော ဇော်ဇင်ဝင်း (Srixon)နှင့် လေးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၈၆ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင်(Srixon) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ် (Srixon)အား အထူးဆုကြေးငွေအဖြစ် Srixon ကိုယ်စား Professional Golfer ဦးချစ်ဟန်က အမေရိကန်ဒေါ်လာ ၃၀၀ ကို လည်းကောင်း၊ Viking Marine Product Trading Co., Ltd. မှ ဦးတင်စိန်က ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Kachin Golfers Group ကိုယ်စား ဦးဝင်းကြည်က ဆုကြေးငွေကျပ်ငါးသိန်းကို လည်းကောင်း၊ KBZ Bank Ltd. ဥက္ကဋ္ဌကိုယ်စား ကော့သောင်းဘဏ်ခွဲမှ မန်နေဂျာ ဒေါ်ကေသီဦးက ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Air Bagan Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက ဆုကြေးငွေကျပ် ၁၂သိန်းတန် ချက်လက်မှတ်ကိုလည်းကောင်း အသီးသီး ဆုကြေးငွေများအဖြစ် ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် Air Bagan မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ Tournament Director ဦးမင်းသိန်းက ကော့သောင်းဂေါက်ကလပ်အား အမှတ်တရလက်ဆောင် ပေးအပ်ရာ ကော့သောင်း ဂေါက်ကလပ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd.က ဖြစ်၍ Official Bank အဖြစ် KBZ Bank Ltd. ဖြစ်ကာ Co-Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Kawthaung Golf Club၊ Srixon ၊ Kachin Golfers Group၊ Jade Land Myanmar Co., Ltd.၊ Max Myanmar Co., Ltd. London၊ Viking Marine Product Trading Co., Ltd. တို့က အသီးသီး ပါဝင်ကူညီကြပြီး ကော့သောင်း ဆဋ္ဌမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ပန်းချီပြပွဲအကြို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၇

ACANTHUS ပန်းချီပြပွဲ အကြိုစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပန်းချီပန်းပုပြခန်း၌ ပြုလုပ်ရာ စာကြည့်တိုက်၊ပြတိုက်နှင့် ပြပွဲများကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့် ကော်မတီဝင်များက ကြည့်ရှုစစ်ဆေးကြပြီး ပြပွဲပြသခွင့်လက်မှတ်ကို ပန်းချီဆရာမ လေးဦးတို့အား ပေးအပ်သည်။

အဆိုပါ ACANTHUS ပန်းချီပြပွဲ တွင် ပန်းချီကားပေါင်း ၆၂ ကားကို ယနေ့မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ပန်နာဆိုးနစ် လေအေးပေးစက် ပစ္စည်းသစ် မိတ်ဆက်ရှင်းလင်းပွဲကို ရန်ကုန်မြို့ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ ပန်နာဆိုးနစ် မြန်မာအတိုင်ပင်ခံရုံးမှ ဦးကျော်ကျော် ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

၂၀၀၆ခုနှစ် ပန်နာဆိုးနစ် လေအေးပေးစက် ပစ္စည်းသစ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၆ခုနှစ် ပန်နာဆိုးနစ် လေအေးပေးစက်ပစ္စည်းသစ် မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ Panasonic မြန်မာအတိုင်ပင်ခံရုံးမှ ဦးကျော်ကျော်က ပန်နာဆိုးနစ် လေအေးပေးစက် အမျိုးအစားသစ်ဖြစ်သော AC Robot နှင့် Puritee R2 တို့ကို ယနေ့တွင် စတင်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းစက်များ၏ ထူးခြားချက်မှာ လေစစ်ဇကာကို အလိုအလျောက်သန့်စင်ပေးနိုင်ခြင်းနှင့် လေကို အလိုအလျောက် ပြန်လည်လတ်ဆတ်စေသော စက်ကိရိယာအသီးသီးပါရှိပြီး လေအေးပေးစက်၏ အကောင်းဆုံးလုပ်ဆောင်မှုများကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ကျန်းမာရေးနှင့်ပြီးပြည့်စုံသော အဆင့်အတန်းမြင့်လေကို ခံစားနိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပန်နာဆိုးနစ် လေအေးပေးစက်များကို အမြို့မြို့အနယ်နယ်ရှိ လေအေးပေးစက်အရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်က မြန်မာတစ်ပြည်လုံးသို့ တာဝန်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဆက်သွယ်ရန်မှာ အမှတ်(၇၇) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန် ကုန်မြို့ ဖုန်း–၃၇၇၅၇၆ နှင့် ၇၂၃၈၈၈ တို့ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ (၅၉)နှစ်မြောက်ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ– တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၁၀ ၆။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၁။ အနာဂတ်နိုင်ငံတော်၏ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့်အနှစ်သာရ (အပိုင်း–၁၄)
- ၇:၂၅ ၁၂။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၃၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန် ခိုင်မာရန်မှာဒို့ဝန်တာ(အသီးတစ်ရာ အညှာတစ်ခုဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **၂၀၀၅ခုနှစ်တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ "ဝိရူရဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်း) (ပထမပိုင်း)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကြက်ဆူပင်စိုက်ပျိုးပြီး စက်သုံးဆီကို ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်စနစ်ဖြင့် မြေလွတ်မြေရိုင်း ဖော်ထုတ်မည်

❒ **ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းမှ**

ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ကျောင်းဆောင်သစ်ကို

အဖွဲ့ဝင် ဒေါ်နန်းကြည်ကြည်သင်းတို့က သုတစာအုပ် ၁၀၀ စီကို ပေးအပ်လှူဒါန်းကြသည်။ နားခံစံပြကျေးရွာ သုတစာကြည့်တိုက်၌ စာအုပ်ပေါင်း ၇၂၅ အုပ်ရှိသည်။

ကျေးရွာလူထုအင်အား ၃၅၀၀ခန့်က စုပေါင်းစိုက်ပျိုးကြသည်။

ယခုအခါ မိုးနဲမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် ၄၇၃ ဧကစိုက်ပျိုးထားရှိပြီး လင်းခေးခရိုင်အတွင်းခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၆၅၀၀ကို သုံးနှစ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ၂၈၈၇ ဒသမ ၁၆ ဧကစိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

နားခံစံပြကျေးရွာ၌ လယ်ယာသုံးစက်ကိရိယာ ၉၈ စီးရှိပြီး စက်သုံးဆီလိုအပ်လျက်ရှိသည့်အတွက် တောင်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပြီး စက်သုံးဆီကို ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်စနစ်ဖြင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ်သွားမည်ဖြစ်သည်။

ယင်းနေ့တွင် နားခံစံပြကျေးရွာ ကမ္ဘဌာန်းကျောင်း၌ လွိုင်လင်ခရိုင်ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်

၁၈ဝတို့အား ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပြီး စားပွဲဝိုင်းဆွေးနွေးပွဲဖြင့် အမျိုးသမီးရေးရာ အကြောင်းသိကောင်းစရာများကို ဆွေးနွေးခဲ့ကြသည်။

မိုးနဲမြို့သည် စပါးကို အဓိကအားထားစိုက်ပျိုးကြသဖြင့် ဆန်ဖူလုံမှုရာခိုင်နှုန်း ၁၆၃ ဒသမ ၁၀ရာခိုင်နှုန်းရှိသည်။ နားခံစံပြကျေးရွာသည် လူဦးရေ ၃၃၆၈ဦးရှိပြီး စပါးစိုက်ဧက ၉၆၆ဧကရှိသဖြင့် ဝမ်းစာဖူလုံကြောင်း တွေ့ရှိရသည်။ ထို့အပြင် နားခံစံပြကျေးရွာအတွင်း ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊နှမ်း၊နေကြာနှင့် ပဲပုပ်၊ပဲစင်းငုံ၊ ပြောင်း၊ ကြံစသည့် သီးနှံမျိုးစုံ စိုက်ပျိုးထွက်ရှိသည်။

နားခံစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းအဖြစ် ကျွဲ၊နွား၊ဝက်၊ကြက်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ မိုးနဲမြို့မှ နားခံစံပြကျေးရွာ လမ်းတစ်လျှောက် ကျေးရွာပိုင် ထင်းစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းထားရှိသည်။

နားခံ စံပြကျေးရွာရှိ ကျူတောဆည်သည် လယ်မြေဧက ၃၅၀ကို ရေပေးဝေလျက်ရှိသည်။ နားခံစံပြကျေးရွာသည် ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ရေမြောင်းများမှ ရေအားလျှပ်စစ် ၁၈လုံး တည်ဆောက်ကာ နေအိမ်များ၌

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်၏ စေတီတော်သမိုင်းပြတိုက်နှင့် ဆုတောင်းပြည့်အောင်မြေတန်ဆောင်း ပြုပြင်ခြင်းလုပ်ငန်းအတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ(၁၈)လမ်းမှ ဦးတင်ကြိုင်–ဒေါ်နွယ်နွယ်မိသားစုက ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (က–ပ)

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရလင်္ကာ၏ အမေနှင့်ထမင်းချိုးလေးတစ်ချပ် ရုပ်ပြစာအုပ်ထွက်ရှိခြင်းအထိမ်းအမှတ်အဖြစ် ကျပ်တစ်သိန်းတန်ဖိုးရှိစာအုပ်များကိုဖေဖော်ဝါရီ ၅ ရက်က မရမ်းကုန်းမြို့ (၂)ရပ်ကွက် အောင်မေတ္တာလမ်း အမှတ်(၂၇)၌ကျင်းပရာ အလှူရှင်ကိုသက်အောင်–မဥမ္မာနိုင်၊ သမီးအိမ့်သက်မှူး၊ ညီမ မနီလာစန် မိသားစုက ဆရာတော်ထံဆက်ကပ်လှူဒါန်းစဉ်။ (ဇြ၁)

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းခမ်းခေါင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်စန်းလုံထံ ကျောင်းသုံးစာအုပ်များ လှူဒါန်းစဉ်။ (သတင်းစဉ်)

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ မိုးနဲမြို့နယ်ပညာရေးမှူး ဦးကျော်မိုးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးဒေါနတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးဒေါနနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်သိန်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယန္တကမြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံပေ ၃၀ရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ပညာရေးဌာနက ငွေကျပ် ၂၅ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၈သိန်း စုစုပေါင်းငွေကျပ် ၅၃ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့သည်။

ဆက်လက်ပြီး နားခံစံပြကျေးရွာရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတစာကြည့်တိုက်၌ စာအုပ်ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းခမ်းခေါင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းမြသင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

ဇီဝလောင်စာ သရုပ်ပြ

ထို့နောက် နားခံစံပြကျေးရွာအားကစားကွင်း၌ ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝလောင်စာဆီထုတ်လုပ် အသုံးပြုပုံသရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူလူထုတို့က စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။ နားခံစံပြကျေးရွာပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးထားရှိပြီး ကျေးရွာအတွင်း နေအိမ်များ၌ မူလစိုက်ပျိုးထားရှိပြီးဖြစ်သည့် ခြံစည်းရိုး ကြက်ဆူပင်များမှ ပျိုးကိုင်းများရယူပြီးနောက် စုပေါင်းစိုက်ပျိုးပွဲကို ကျေးရွာအနီး စိုက်ခင်းများ၌ စိုက်ပျိုးကြရာ ခြံစည်းရိုးကြက်ဆူပင် ၁၅ဧကကို လူမှုရေး အသင်းအဖွဲ့ဝင်များနှင့်

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ ကမ္ဘဌာန်းကျောင်း၌ လင်းခေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ခြောက်ဦးတို့က နားခံကျေးရွာမှ လူနာ ၁၅၁ဦးအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခဲ့သည်။ ထို့ပြင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က နားခံစံပြကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်

သံဖြူဇရပ်မြို့နယ် ပညာရေးဌာနမှကြီးမှူးကျင်းပသော၂၀၀၅/၂၀၀၆ ပညာသင်နှစ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး မီတာ ၅၀ ပြေးပွဲ၌ ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

လျှပ်စစ်မီးများဖြင့် အသုံးပြုလျက်ရှိသည်။ မိုးနဲမြို့နယ် ကျိုင်းတောင်းဒေသ၌ တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ် စက်ရုံပြီးစီးပါက နားခံစံပြကျေးရွာ အပါအဝင် လင်းခေးခရိုင်တစ်ခုလုံး လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်တော့မည် ဖြစ်သည်။

နားခံစံပြကျေးရွာသည် တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး နားခံစံပြကျေးရွာမှ ကျိုင်းတောင်းမြို့သို့ သွားနိုင်သည့် လမ်းတံတားများကို ဖောက်လုပ်ပြီးဖြစ်ရာ ရာသီမရွေးသွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ မိုးနဲ–နမ့်စန်နေ့စဉ်ပြေးဆွဲနေသည့် မီးရထားသည် နားခံစံပြကျေးရွာသို့ နံနက်၈နာရီခွဲအချိန် နေ့စဉ်ရောက်ရှိသဖြင့် ကျေးရွာမှခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ပြီ ဖြစ်သည်။

မိုးနဲမြို့သည် ရှေးယခင်ကပင် ဘာသာ၊သာသနာထွန်းကားခဲ့ကြောင်းကို မြို့တွင်းနှင့် မြို့ပတ်ဝန်းကျင်ရှိ စေတီ၊ပုထိုးများစွာကို တွေ့မြင်ရခြင်းဖြင့် သိရှိနိုင်သည်။ မိုးနဲမြို့၌ ထင်ရှားသည့် ဘုရားစေတီများမှာ မွေတော်စေတီ၊ နှစ်ကျိပ်ရှစ်ဆူစေတီ၊ ဆင်တောင်စေတီ၊ မောင်ခိုင်မောင်နိုင်စေတီ၊ လွိုင်မြေစေတီ၊ ဦးရွှေအောင်စေတီ၊ လျောင်းတော်မူစေတီ၊ ချမ်းသာကြီးဘုရားစေတီ၊ မဟာရန်အောင်တောင် နှစ်ကျိပ်ရှစ်ဆူစေတီတို့ဖြစ်ပြီး တစ်မြို့နယ်လုံး၌ ပင်မစေတီ ၂၂၄ဆူ၊ အရံစေတီ ၂၅၄ဆူ စေတီပေါင်း ၄၇၈ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ယခုအခါ ပျက်စီးနေသည့် ဘုရားစေတီများကို ပြုပြင်မွမ်းမံလျက်ရှိသည်။ ထို့အတူ နားခံစံပြကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းနှင့် ရှေးဟောင်းဘုရားစေတီများရှိပြီး နားခံစံပြကျေးရွာ ကမ္ဘဌာန်းကျောင်းသည် ဓမ္မာရုံ၊ သိမ်တော်နှင့်ယောဂီများတရားအားထုတ်နိုင်ရန် ရိပ်သာဆောင် ၂၈ဆောင်ရှိသဖြင့် ဗုဒ္ဓဘာသာဝင်များ နှစ်စဉ်ဝါတွင်းသုံးလတွင် တရားအားထုတ်နိုင်ကြောင်း တွေ့ရှိရသည်။

နားခံစံပြကျေးရွာသည် စံပြကျေးရွာအင်္ဂါရပ်များနှင့်အညီဘာသာ၊ သာသနာထွန်းကားခြင်း၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုး တိုးတက်ခြင်း၊ စိုက်ပျိုးရေ၊ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ ကျေးရွာ စည်ပင်သာယာရေး၊ လမ်း၊ တံတား၊ နေအိမ်များ စနစ်တကျ တည်ဆောက်ထားခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း တို့ကြောင့် တစ်နေ့တခြား ဘက်စုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်ထုံးရယ်မပြယ်” (အပိုင်း–၁၁)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကောင်းကင်သိုင်းကွက်” (အပိုင်း–၆)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ရေဝတီတိုင်းဗိုလ်စွဲ အသန့်ရှင်းဆုံးအသင်းဆု မန္တလေးတိုင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၆ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ ရေဝတီတိုင်း အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

အနိုင်ရဗိုလ်စွဲသွားသည့် ရေဝတီတိုင်းအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြည်ထောင်စုဒိုင်းကြီး ပေးအပ်ချီးမြှင့်သည်။

ရေဝတီတိုင်းအသင်း ခြောက်ဂိုး။
(အောင်ဇော်လင်း နှစ်ဂိုး၊ စိုးကျော်သူ၊ ဇော်ထက်အောင်၊ ကျော်ကိုကိုဇော်နှင့် နန္ဒဇော် တစ်ဂိုးစီ)

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း လေးဂိုး။
(အေးမင်းဇော်နှစ်ဂိုး၊ စိုးသီဟနှင့်မျိုးမင်းလတ်တစ်ဂိုးစီ)

အကောင်းဆုံးဆု အောင်ဇော်လင်း (ရေဝတီ)

ဒိုင်လူကြီး ဦးလှတင်

ပြည်ထောင်စုဒိုင်းကြီးနှင့် လေးနှစ်ကြာ ဝေးနေသော ရေဝတီတိုင်းအသင်းနှင့် နှစ်နှစ်ကြာဝေးနေသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ပြည်ထောင်စုဒိုင်းကြီးကို ပြန်လည်ရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပိုင်နယ်တီအဆုံးအဖြတ်ကန်ရပြီးမှ ရေဝတီတိုင်းအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှာ ပွဲချိန်မိနစ် ၈၀ကျော်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း ပွဲပြီးခါနီးကျမှ ချေပဂိုးပြန်ပေးခံရကာ ပိုင်နယ်တီ၌ အရေးနိမ့်ခဲ့ရပြီး နှစ်နှစ်ဆက်တိုက်ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

နှစ်ဖက်ပရိသတ်များက သုဝဏ္ဏကွင်းအထူးတန်းတွင် ကားကြီးကားငယ်အသွယ်သွယ်ဖြင့်လာရောက်၍ အိုးစည်၊ ဗုံမောင်းများတီး၍ အားပေးခဲ့ကြသည်။

ပိုင်နယ်တီ

ပွဲအစပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားခဲ့ရာ ရေဝတီခံစစ်ဖြင့် ကစားခဲ့ရသည်။ ရေဝတီအသင်းမှာဖြတ်တင်ဘောများ မတိကျခြင်း၊ တွဲလုံးမမိခြင်းတို့ကြောင့် တိုက်စစ်အားနည်းခဲ့ရသည်။ နှစ်သင်းစလုံး ဂိုးရရေး ကြိုးစားသော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း တိုက်စစ်အားမြှင့်တင်ကစားလာရာ ခုနစ်မိနစ်တွင် ရေဝတီနောက်ခံလူ သန့်ဇင်ငြိမ်းခေါင်းတိုက်လိုက်သည့် ဘောလုံးကို အေးမင်းဇော်ရသွားပြီး ကန်သွင်းလိုက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပထမဂိုးရရှိသွားသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက အနိုင်ဂိုးဖြင့်ထိန်းရန်ကြိုးစားခဲ့သော်လည်း ရေဝတီက ပြန်လည်ထိုးဖောက်လာပြီး ပွဲပြီးရန် ၇မိနစ်အလိုတွင် စိုးကျော်သူ ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးကို တိုက်စစ်မှူး အောင်ဇော်လင်းက မြေမကျဘော လှလှပပကန်သွင်းလိုက်၍ ရေဝတီ ချေပဂိုးရကာ တစ်ဂိုးစီသရေဖြစ်သွားသည်။ ထပ်မံဂိုးမသွင်းနိုင်ကြ၍ အချိန်ပိုဆက်ကစားရသည်။

အချိန်ပိုတွင်လည်း နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားရင်း ဂိုးမသွင်းနိုင်ကြ၍ ပိုင်နယ်တီအဆုံးအဖြတ်ကန်ရသည်။

ပိုင်နယ်တီငါးလုံးစီကန်သွင်းရာတွင် ရေဝတီတိုင်းက ငါးဂိုးဝင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက သုံးဂိုးသာဝင်၍ ရေဝတီတိုင်းက စုစုပေါင်း ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရကာ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗိုလ်လုပွဲ၌ အကောင်းဆုံးဆုရ အောင်ဇော်လင်း(ရေဝတီ)အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အမှုဆောင် ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးတင်အောင်က ဆုကြေး ငွေကျပ်တစ်သောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်က စတုတ္ထဆုရ ပဲခူးတိုင်းအသင်းအား ဆုကြေးကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက တတိယဆုရ မန္တလေးတိုင်းအသင်းအား ဆုကြေးကျပ် ၁၅ သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း အားတစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၂၀ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံးဆု

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ရေဝတီတိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများ ရရှိကြသော ဂိုးသမားဆုရ အောင်မျိုးဟန် (ရှမ်းပြည်နယ် - တောင်ပိုင်း)၊ နောက်တန်း ဆုရ မျိုးမင်းလတ် (ရှမ်းပြည်နယ်-တောင်ပိုင်း)၊ အလယ်တန်းဆုရအောင်မျိုးလွင် (မန္တလေးတိုင်း)၊ ရှေ့တန်းဆုရ အောင်ဇော်လင်း (ရေဝတီတိုင်း)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ အောင်ဇော်လင်း (ရေဝတီတိုင်း) တို့အား ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အသန့်ရှင်းဆုံးအသင်းဆုရ မန္တလေးတိုင်းအသင်းအား ဆုဖလားနှင့် ငွေသားကျပ် သုံးသိန်းကိုလည်းကောင်း၊ ပထမဆုရ ရေဝတီတိုင်းအသင်းအား ပြည်ထောင်စုဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေသားကျပ် ၂၅ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပထမဆုရ ရေဝတီတိုင်းအသင်းအား ပြည်ထောင်စုဒိုင်းကြီး ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

အောင်ပွဲရ ရေဝတီတိုင်းအသင်း

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုဒိုင်းကြီး ဆွတ်ခူးရရှိသွားသော ရေဝတီတိုင်းအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

အကောင်းဆုံးဆုရှင်များ

ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသော (ဝဲမှယာ) အလယ်တန်းဆုရ-အောင်မျိုးလွင်(မန္တလေး)၊ ရှေ့တန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ အောင်ဇော်လင်း (ရေဝတီ)၊ ဂိုးသမားဆုရ-အောင်မျိုးဟန်(ရှမ်း/တောင်)နှင့် နောက်တန်းဆုရ မျိုးမင်းလတ် (ရှမ်း/တောင်) တို့အား တွေ့ရစဉ်။ (ကြေးမုံ)

ပေးအပ် လှူဒါန်း

ရန်ကုန်မြို့ သုဝဏ္ဏ သံသုမာလမ်းနေ (ဦးတင်ဦး)-ဒေါ်စန်းရီ မိဘနှစ်ပါးအား အမှူးထားပြီး ဒေါက်တာဌေးကြွယ်-ဒေါ်သီတာဦး မိသားစုတို့က ဒေါ်သီတာဦး၏ နှစ်(၄၁)ပြည့်မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် စကြီလမ်းအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သင်တန်းတက်ရောက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်လဲ့လဲ့အေးနှင့် ဒေါ်ချိုသီရိမောင်တို့သည် The Third Country Training Programme (TCTP) & Malaysia Technical Cooperation Programme (MTCP) အစီအစဉ်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၅ရက်မှ မတ် ၂၅ရက်အထိ ကျင်းပမည့်"Promotion and Management of Small and Medium Enterprises (SMEs) for CLMV Countries" သင်တန်း တက်ရောက်ရန် ဖေဖော်ဝါရီ ၄ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ထာဝရပင်မရန်ပုံငွေအတွက် ဦးထင်အောင်(ကုလသမဂ္ဂဝန်ထမ်း) – ဒေါ်ခင်ဝင်းသင်၊ သား မောင်အေးအောင်ပြည့်စုံ၊ သမီး မကြည်စင်တင်အောင်၊ သား မောင်အောင်ပြည့်ဖြိုး မိသားစုက ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဂေါပက အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးစောမြင့် လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဆောင်းရာသီ အိုလံပစ်အားကစားပွဲ ဖေဖော်ဝါရီ ၁၀ရက်တွင် စတင်မည်

တူရင်(အီတလီ) ဖေဖော်ဝါရီ ၇

(၃၇)ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို အီတလီနိုင်ငံ တူရင်မြို့တွင် ဖေဖော်ဝါရီ ၁၀ရက်မှ ဖေဖော်ဝါရီ ၂၆ရက်အထိ ကျင်းပတော့မည်ဖြစ်သည်။

အီတလီနိုင်ငံသည် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။ အီတလီနိုင်ငံ ကော်တီနာဒီအမ်ပက်ဇိုမြို့တွင် ၁၉၅၆ခုနှစ်က သတ္တမအကြိမ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို ကျင်းပခဲ့သည်။ အီတလီနိုင်ငံက အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းမှာမူ ယခုတစ်ကြိမ်နှင့်ဆိုလျှင် တတိယအကြိမ်ဖြစ်မည်။ အကြောင်းမှာ အီတလီနိုင်ငံ ရောမမြို့တွင် ၁၉၆၀ပြည့်နှစ်က (၁၇)ကြိမ်မြောက် အိုလံပစ်အားကစားပွဲတော်ကို ကျင်းပခဲ့ခြင်း ကြောင့် ဖြစ်သည်။

အီတလီနိုင်ငံတွင် မကြာမီကျင်းပတော့မည့် အားကစားပွဲတော်ကို တိုရင်နို ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ဟူ၍ ခေါ်တွင်သည်။ 'တိုရင်နို'ဟူသည် အီတလီနိုင်ငံ တူရင်မြို့၏ ရှေးဟောင်းအမည်ပင် ဖြစ်သည်။ ၂၀၀၆ခုနှစ် တိုရင်နို အိုလံပစ်ပွဲတော်၏ အထိမ်းအမှတ်အရုပ်မှာ နှင်းလုံးကြီးနှင့် ရေခဲအန်စာတုံး(ကုဗပုံ)ဖြစ်သည်။

၂၀၀၆ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ၁၉၉၉ခုနှစ်တွင် မဲပေးဆုံးဖြတ်ခဲ့သည်။ အီတလီနိုင်ငံ တူရင်မြို့သည် ဆွစ်ဇာလန်နိုင်ငံ စီယွန်မြို့ကို ထောက်ခံမဲ ၅၃မဲ–၃၆မဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ လေ့ကျင့်နေကြသည်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ အိုလံပစ်ကော်မတီ(အိုင်အိုစီ)သည် အိုလံပစ်အားကစားပွဲတော်အား အိမ်ရှင်အဖြစ် လက်ခံကျင်းပရေး ရွေးချယ်သည့် လုပ်ထုံးလုပ်နည်းသစ်များကို (၁၀၈)ကြိမ်မြောက် အိုင်အိုစီ အထူးအစည်းအဝေးတွင် အတည်ပြုပေးခဲ့ပြီးချိန်နောက်ပိုင်း လုပ်ထုံးလုပ်နည်းသစ်များနှင့်အညီ အီတလီနိုင်ငံ တူရင်မြို့ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

အီတလီနိုင်ငံသည် အားကစားရုံများ၊ အားကစားပွဲများကျင်းပမည့်နေရာများ၊ အားကစားသမားများနှင့် နိုင်ငံတကာသတင်းစာဆရာများ တည်းခိုနေထိုင်ရေးအတွက် အားကစားရွာများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ စသည်တို့ တည်ဆောက်ခြင်းအတွက် ယူရိုငွေ သန်း ၁၇၀၀ ကျခံသုံးစွဲခဲ့သည်။

ယခုကျင်းပမည့် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်တွင် နှစ်စီးဆက် ရေခဲပြင်လျှောစီးလှည်းပြိုင်ပွဲ(Bob Sleigh)၊ ရေခဲပြင်ဟော်ကီပြိုင်ပွဲ၊ ကျေးလက်ဒေသဖြတ် နှင်းလျှောစီးပြိုင်ပွဲ၊ တစ်ယောက်စီး ရေခဲပြင် နှင်းလျှောစီး ယှဉ်ပြိုင်ပွဲ၊ အမြန်စကိတ်စီးပြိုင်ပွဲ၊ တာတိုနှင်းလျှောစီးပြိုင်ပွဲ၊ အယ်လ်ပိုင်းတောင်ပေါ် စကိတ်စီးပြိုင်ပွဲ၊ စိတ်ကြိုက် စကိတ်စီးပြိုင်ပွဲ၊ ခုန်ပျံကျော်လွှား စကိတ်စီးပြိုင်ပွဲ၊ အလှပြ စကိတ်စီးပြိုင်ပွဲ စသည့် အားကစားနည်းများ ပါဝင်မည် ဖြစ်သည်။

အင်တာနက်

ပန်းပေါင်းဘုရားနှင့် ဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနိယပွဲတော် ပူဇော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပန်းပွင့် ခုနစ်ကုဋေ ပန်းပေါင်းဘုရားကြီးနှင့် မြတ်စွယ်တော်အား တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ (ဖေဖော်ဝါရီ ၁၀၊ ၁၁၊ ၁၂) သုံးရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ဖြင့် ဗုဒ္ဓပူဇနိယပွဲတော် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၆ရက်က အလှူရှင် သိမ်ကုန်းရပ် အောက်လမ်းမကြီးနေ ဦးမောင်ငယ်–ဒေါ်မြလွင် (ကျော်–အောဖ်ဆက်)မိသားစုက ငွေကျပ် ၃၁၀၀၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၃၀၇)

သံတမန်ရေးရာ သင်တန်းများ၏ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အခြေခံနှင့် အဆင့်မြင့် သံတမန်ရေးရာ သင်တန်းသားများ၏ ဒုတိယအကြိမ်မြောက် မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၁၁ရက်(စနေနေ့) နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဒဂုံ အောက်တပ်မတော် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲဝင်မည့် သင်တန်းသားအားလုံးနှင့် (မိတ်ဆွေများ)သည် ဦးဝင်းသန့် ဖုန်း–၀၉၅၁၀၀၉၅၅၊ ဦးတင်ကိုကို ဖုန်း–၀၉၉၉၂၃၈၂၅၊ ဦးအောင်ဇော် ဖုန်း–၀၁–၂၂၇၇၄၃)၊ ဦးမင်းနိုင် ဖုန်း–၀၉၉၉၂၆၁၂၆၊ ဦးဇော်မင်း ဖုန်း–၀၉၅၀၀၀၆၈၆၊ ဦးလှဦး ဖုန်း–၀၁–၅၄၄၅၇၀ နှင့် ဦးလှမြင့် ဖုန်း–၀၉၅၀၀၁၁၂၃တို့ထံ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

အထက(၂) မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

အထက(၂) မရမ်းကုန်း (ယခင် စိန့်ဂျစ်အကယ်ဒမီ)၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉ နာရီတွင် အထက(၂) မရမ်းကုန်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ရန်နှင့် လက်ရှိ ကျောင်း၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများ ဒေါ်ခင်မြတ်သူ ဖုန်း–၀၉၈၀၂၅၁၉၉၊ ဒေါ်နီလာစိုး ဖုန်း–၀၉၅၁၀၃၂၃၆၊ ဒေါ်ခင်စန်းယုဝေ ဖုန်း–၀၉၅၀၀၄၈၅၉၊ ဦးထွန်းဝင်းဟန် ဖုန်း–၀၉၅၀၀၆၀၄၁၊ ဦးကျော်လေး ဖုန်း–၆၆၃၁၃၅နှင့် ဒေါ်ကြည်ကြည် အေး ဖုန်း–၆၆၂၀၇၈ (အထက–၂၊ မရမ်းကုန်း)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သမိုင်းအထူးပြု အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တက္ကသိုလ် သမိုင်းအထူးပြု (၁၉၆၄–၆၅)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈နာရီခွဲတွင် တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံ ညစာစားပွဲကို ညနေ ၆ နာရီတွင် M-3 Food Centre ၌ ကျင်းပမည် ဖြစ်သည်။

အလှူငွေနှင့် ညစာစားပွဲလက်မှတ်များကို ဦးဝင်းနိုင် ဖုန်း–၇၂၃၉၅၈၊ ဦးဝင်းကြွယ် ဖုန်း–၅၂၅၂၁၄၊ ဦးဉာဏ်ဝင်း ဖုန်း–၂၀၃၁၅၄ နှင့် ဦးကျော်ထွန်း ဖုန်း–၀၉၅၁၀၃၃၂၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ရက်ကကျင်းပရာ စတုတ္ထတန်း ထူးချွန်ဆုရ ကျောင်းသား မောင်သန်းထိုက်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေခင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၃) ယှဉ်ပြိုင်ကစားမှု

ရောမ ဖေဖော်ဝါရီ ၇

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၃)ကို တနင်္ဂနွေနေ့က ကျင်းပရာတွင် အင်တာမီလန်အသင်းက ချီယေဗိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ကက်ဂလီယာရီအသင်းက အမ်ပိုလီအသင်းကို လေးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဖီအိုရင်တီးနားအသင်းက လက်ချီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်းအနိုင်ရရှိသည်။ လာဇီယိုနှင့် အေစီမီလန်အသင်းတို့သည် ဂိုးမရှိသရေကစားခဲ့ကြပြီး လီဗော်နိုအသင်းနှင့် မက်ဆီနာအသင်းတို့၏ပွဲတွင်လည်းကောင်း၊ ရက်ဂျီးနားအသင်းနှင့်ပါလာမိုအသင်းတို့၏ပွဲတွင်လည်းကောင်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ ဆမ်ဒိုးရီးယားနှင့် ထရီဗီဆိုတို့၏ပွဲတွင်မူ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အင်တာမီလန်–ချီယေဗို

အင်တာမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီအတွင်း အခြားသောပွဲများနည်းတူ ယခုပွဲတွင်လည်း ဂိုးသွင်းနိုင်ရန် အခွင့်အလမ်းအများအပြား ရရှိခဲ့သည်။ သို့ရာတွင် ရရှိသည့်အခွင့်အလမ်းများကို ပိုင်နိုင်စွာအသုံးချနိုင်ရန် များစွာလုံးပန်းခဲ့ရသည်။

အင်တာမီလန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၇မိနစ်တွင် ဂျူလီယိုခရုဇ်က သွင်းယူခဲ့သည်။ ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် အင်တာမီလန်အသင်းသည် အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ရှိနေသော ဂျူဗင်းတပ်စ်အသင်းနှင့် ရှစ်မှတ်သာ ကွာခြားတော့သည်။

ကက်ဂလီယာရီ–အမ်ပိုလီ

တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေသော ကက်ဂလီယာရီအသင်းအတွက် မော်ရီအက်စ်ပိုစစ်တို တစ်ဦးတည်းက နှစ်ဂိုး၊ နယ်လ်ဆင် ဘာဘီဂျွန်နှင့် ဒေးဗစ်ဆွာဇိုတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ အမ်ပိုလီအသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ဖရန်ဆက်စကို တာဗာနိုက သွင်းယူခဲ့သည်။

ဖီအိုရင်တီးနား–လက်ချီ

ဖီအိုရင်တီးနားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၇မိနစ်တွင် လူကာတိုနီက သွင်းယူခဲ့သည်။ ဖီအိုရင်တီးနားအသင်းသည် စီးရီးအေဘောလုံးပြိုင်ပွဲတွင် စတုတ္ထအဆင့်၌ ရပ်တည်နိုင်ပြီဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲတွင် လာဇီယိုအသင်းမှ ပေါ်လိုဒီကာနီယို (ယာ)နှင့် အေစီမီလန်အသင်းမှ ယပ်စတမ်းတို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သိမ်ကျောင်းအောင်ခြင်း တရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်း ညောင်လေးပင်မြို့ ကြားတောရလမ်း မြို့မ(၂)ရပ်ကွက် ဓမ္မပါလ ကြားတောရကျောင်းတိုက်တွင် သိမ်ကျောင်းအောင်ခြင်း တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၀ရက်တွင် တွံတေး အရှင်ဣန္ဒက၊ ၁၁ရက်တွင် ဘဒ္ဒန္တနရပတိ၊ ၁၂ရက်တွင် အရှင်ကုမာရတို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။(က–ပ)

တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍအပါအဝင် နယ်ပယ်ကဏ္ဍစုံ၌ အားထုတ်ကြိုးပမ်းဆောင်ရွက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေး **ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ချီးမြှင့်သည်။**

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

အမှာစကားပြောကြား

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၅၈) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင် ကျေးလက်နှင့်မြို့ပြ ကွာဟမှုကျဉ်းမြောင်းလာပြီး ကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး အထူးကောင်းမွန်

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ မိုးနဲမြို့နယ် ပညာရေးမှူး ဦးကျော်မိုးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးဒေါနတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးအားလုံး၏အကျိုးကို ရှေးရှုပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝပိုမိုတိုးတက်စည်ပင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ကဏ္ဍစုံဖွံ့ဖြိုး

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုကြောင့် ကျေးလက်နှင့်မြို့ပြ ကွာဟမှုကျဉ်းမြောင်းလာပြီး ကျေးရွာများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ နားခံစံပြကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး အထူးတိုးတက်ကောင်းမွန်သည့် ကျေးရွာတစ်ရွာဖြစ်သည်။

နားခံ စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- *တိုင်းရင်းသားပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုအင်အား၊ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာမှုအင်အား၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်၏အင်အားနှင့် အမျိုးသားပညာရည်မြင့်မားမှုအင်အားတို့ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။* ခေါင်းကြီး (စာမျက်နှာ-၂)
- *အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုဓလေ့များအရ အသွင်သဏ္ဌာန်ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ သီးပွင့်နေကြသော သွေးရင်းသားချင်းများသာဖြစ်ကြသည်။*

  ကြည်ဝင်းညွန့်၏ **"ပြည်ထောင်စု၏အလှ ပြည်ထောင်စု၏အနှစ်သာရ"** ဆောင်းပါး (စာမျက်နှာ-၈/၉)
- တက္ကသိုလ်ညိုမင်းမောင်၏ **"အသီးတစ်ရာ အညှာတစ်ခု"**(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုကဗျာ(စာမျက်နှာ-၉)
- **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကချင်ပြည်နယ်** သတင်းဆောင်းပါး (စာမျက်နှာ-၉)

အသီးတစ်ရာ အညှာတစ်ခု နှီးပြည်ထောင်စု